
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# လျှပ်တစ်ပြက်မဟာပုဂံ

ရေနံ့သာဝင်းမောင်
(မြန်မာပြည်သား)

BURMESE CLASSIC

A GLANCE AT THE GREAT BAGAN

မြန်မာမှန်ပုဂံရောက်ဖူးရမည်



Yenantha Win Maung
(Myanmar Pyitha)


Born at Konzaung village, Pwintpyu Township, Magwe district on 28th June 1944. My father is U Soe Hla, and mother Daw Tin Aye descended from the honest ancestry of cultivators and traders.

Began to write poems and novels in 1962. Moved down to Yangon in 1966, and worked at Myanma Timber Enterprise, retired as assistant Manager in 1990.

Graduated B.A. (Hons) in 1973 and

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၃၂၀၄၉၇၀၈၀၉ |
| မျက်နှာဖုံးခွင့်ပြုချက် | ၃၂၀၄၉၈၀၉၀၉ |
| ပုံနှိပ်ခြင်း | ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ |
| အုပ်ရေ | ၁၀၀၀ |
| တန်ဖိုး | |
| အဖုံးနှင့်အတွင်းဖလင် | စိန်နဂါး |
| ခတ်ပုံ | မြန်မာပြည်သား |
| ပန်းချီ | လှထွန်း(ပုဂံ)၊ ဝေမွန်လင်း |
| အဖုံး/ကွန်ပျူတာ | သီဟန်ဦး |
| ထုတ်ဝေသူ | ဦးကျော်ဟင်း-ယုံကြည်ချက်စာပေ<br>အမှတ်-၁၁၁၊၃၃လမ်း၊ကျောက်တံတားမြို့နယ် |
| ပုံနှိပ်သူ | ဒေါ်ယဉ်ယဉ်ကြည် - မြင်းခြံပုံနှိပ်တိုက်<br>အမှတ် ၂၅၆၊၃၉လမ်း၊ကျောက်တံတားမြို့နယ်။ |
| ဖြန့်ချိရေး | မြန်မာပြည်သားစာပေ<br>အမှတ်(၄၈၃)၊လောပိတလမ်း၊(၃၄)ရပ်ကွက်၊<br>ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုံး-၅၈၀၉၈၃ |

၂၉၄.၃

ဝင်းမောင်၊ ရေနံ့သာ

လျှပ်တစ်ပြက်မဟာပုဂ်/ ရေနံ့သာဝင်းမောင်။ – ရန်ကုန်
ယုံကြည်ချက်စာပေ၊ ၂၀၀၉။

၁၇၆ – စာ ၊ ၁၂.၇× ၁၉စင်တီ။

(၁) လျှပ်တစ်ပြက်မဟာပုဂံ


www.burmeseclassic.com

www.burmeseclassic.com



## မာတိကာ


၁။ ပုဂံရေးဟောင်းယဥ်ကျေးမှုနယ်မြေ ဆိုသည်မှာ

၂။ ပုဂံမင်းဆက်ဇယား

၃။ ပုဂံရှိစေတီနှင့်ဂူဘုရားများ၏ပုံစံ

၄။ တန်ခိုးကြီးထင်ရှားသော ပုဂံဘုရား ပုံတော်များ

၅။ လျှပ်တစ်ပြက်မဟာပုဂံ (ကဗျာ)

၆။ ဉယျောဇဉ် စာ ၄၁

၇။ စွယ်တော်မြတ်လုံ့ရွှေစည်းခုံ စာ ၄၂

၈။ အတွင်းအုံ့ကိုးပါး၊ အပြင်အုံ့ကိုးပါး စာ ၄၆

၉။ ငကပ်ပစ်တောင်နှင့်ရှင်အရဟံအုတ်ကျောင်း စာ ၄၉

၁၀။ ကျောက်ဂူဥမင်(ခ)ကျောက်ကူးဥမင် စာ ၅၃

၁၁။ ဂူပြောက်ကြီး(ဝက်ကြီးအင်း) စာ ၅၆

၁၂။ ထီးလိုမင်းလိုဘုရားကြီး စာ ၅၈







၁၃။ ဉပါလိသိမ် စာ ၆၁

၁၄။ အလိုတော်ပြည့်ဘုရား စာ ၆၂

၁၅။ ပိဋကတတ်တိုက် စာ ၆၇






www.burmeseclassic.com

www.burmeseclassic.com




၁၆။ သဗ္ဗညုဘုရားကြီး စာ ၆၉

၁၇။ ဗျာဒိတ်ပေးဘုရားများ စာ ၇၁

၁၈။ ရွှေဂူကြီး(နန်းဦး)ဘုရား စာ ၇၄

၁၉။ မြို့တံခါးသရပါ စာ ၇၆

၂၀။ ကန်တော့ပလ္လင် စာ ၈၂





၂၁။ အတွင်းစည်းခုံနှင့် မျက်တော်ပြေ စာ ၈၅

၂၂။ မဟာဗောဓိ စာ ၈၇

၂၃။ ဗူးဘုရား စာ ၈၉

၂၄။ မင်းအိုချမ်းသာ စာ ၉၁

၂၅။ မင်းမျှော်ရာဇာဘုရား စာ ၉၂

၂၆။ အာနန္ဒာဘုရားကြီး စာ ၉၄

၂၇။ ပုဂံရှေးဟောင်း သုတေသနပြတိုက်နှင့် အနော်ရထာနန်းတော် စာ ၉၉

၂၈။ စူဠာမဏိဘုရား စာ ၁၀၂

၂၉။ ဓမ္မရံကြီးဘုရား စာ ၁၀၅

၃၀။ လောကထိပ်ပန်ဘုရား စာ ၁၀၈

၃၁။ ရွှေဆံတော်ဘုရား စာ ၁၁၀

၃၂။ မင်္ဂလာစေတီ စာ ၁၁၂








www.burmeseclassic.com

www.burmeseclassic.com




၃၃။ ပြဿဒါးကြီး(ခ)ပြာသာဒ်ကြီးဘုရား စာ ၁၁၄

၃၄။ မနုဟာဘုရား စာ ၁၁၅

၃၅။ မြစေတီ၊ ဂူပြောက်ကြီးနှင့်
ရာဇကုမာရကျောက်စာ စာ ၁၁၈






၃၆။ နန်းဘုရား စာ ၁၂၁

၃၇။ အပယ်ရတနာဘုရား စာ ၁၂၃

၃၈။ နဂါးရုံဘုရား စာ ၁၂၅

၃၉။ ထူးထူးခြားခြားလှမ်းဘုရား(ခ)
ပေါ်တော်မူဘုရား စာ ၁၂၇


၄၀။ အဋ္ဌဂေါဏဘုရား စာ ၁၃၀

၄၁။ တရုတ်ပြေးဘုရား စာ ၁၃၁

၄၂။ ဓမ္မရာဇကဘုရား စာ ၁၃၃





၄၃။ လောကနန္ဒာ စွယ်တော်ဘုရား စာ ၁၃၆

၄၄။ တုရင်တောင်စွယ်တော် စာ ၁၃၈

၄၅။ တန့်ကြည့်တောင်စွယ်တော် စာ ၁၄၀

၄၆။ A GLANCE AT THE GREAT BAGAN
စာ ၁၄၂




www.burmeseclassic.com

www.burmeseclassic.com

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဆိုသည်မှာ

ပုဂံသည် ခရစ်နှစ် ၁၀၇ ခုနှစ်မှစ၍ သမုတိရာဇ်မင်းထူထောင်ခဲ့သောနိုင်ငံဖြစ်သဖြင့် ယခုဆိုလျှင်အနှစ် ၂၀၀၀ နီးပါးရှိချေပြီ။

အနော်ရထာမင်းကြီး ပထမမြန်မာနိုင်ငံတော်ကြီးကို အေဒီ-၁၀၄၄-၁၀၇၇ တွင်အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်သောအခါ ထေရဝါဒဗုဒ္ဓဘာသာသည် နေလိုလလို ထွန်းလင်းတောက်ပခဲ့ချေသည်။

ပုဂံရှိ ၄၂ စတုရန်းကီလိုမီတာအကျယ်အဝန်းတွင် မင်းနှင့်ပြည်သူတို့ အမျိုးဘာသာ သာသနာအတွက် သီလ၊ သမာဓိ၊ ပညာ၊ လုံ့လဝီရိယ၊ သဒ္ဓါတို့ဖြင့် အစွမ်းကုန်အားစိုက်ခဲ့ကြသောကြောင့် ယနေ့မျက်မြင် ဘိုးဘွားအမွေအနှစ်များ အဖြစ် ကျန်ရှိခဲ့ခြင်းဖြစ်သည်။

ပန်းချီ၊ ပန်းပု၊ ဗိသုကာ၊ ပန်းတော့၊ ပန်းတမော့ စသည့် အနုပညာပန်း (၁၀)မျိုးသည် မြန်မာတို့အတွက် ဂုဏ်ယူဖွယ်ရှိသကဲ့သို့ ကမ္ဘာအရပ်ရပ်မှ လာရောက်လေ့လာသူအချို့လည်း အံ့သြချီးကျူးမကုန်ရှိကြသည်။

ပုဂံသည် မြန်မာဖြစ်၍ မြန်မာသည် ပုဂံဖြစ်သောကြောင့် ပုဂံအကြောင်းကို မြန်မာတို့ သိထားကြရပါလိမ့်မည်။ လှည်းဝင်ရိုးသံတည်းည ဆိုသည့်အတိုင်း (၄၄၄၆)ဆူသော ဘုရားပေါင်းအကြောင်းကိုမူ သိထားဖို့ရန် မလွယ်ကူသော်လည်း ဘာသာရေးအရသော်လည်းကောင်း၊ အနုပညာအရသော်လည်းကောင်း၊ သမိုင်းအရသော်လည်းကောင်း လေ့လာသိထားသင့်သော အကြောင်းအချက်အချို့ကို ဤ **လျှပ်တစ်ပြက်မဟာပုဂံ**တွင် လေ့လာမိသမျှဖော်ပြထားပါသည်။

ပုဂံသည် တစ်ခေါက်သွား၍မရ၊ နှစ်ခေါက်သွား၍မရ၊ အခေါက်ခေါက်အခါခါ သွားလျှင်သော်မှ ဖူးမြော်ကြည်ညိုဖွယ်ရာများ၊ အတုယူစံထားစရာများ၊ ဂုဏ်ယူဝင့်ကြွားစရာများ၊ လေ့လာမှတ်သားစရာများ ပြည့်စုံဖို့ရာမမြင်။ မဟာပုဂံ၏ ခမ်းနားကြီးကျယ်မြင့်မြတ်မှုများသည် ကျွန်ုပ်တို့အဖို့ လျှပ်တစ်ပြက် တစ်ဖျတ်လက်၍ သာမြင်တွေ့လိုက်ရသောအဖြစ်မျိုး ခံစားရပေသည်။ အမှန်တော့ ပုဂံဆိုသည်မှာ မြန်မာတို့အဖို့ လေ့လာ၍မကုန် ဂုဏ်ယူ၍မဆုံး တန်ဖိုးဖြတ်၍မရနိုင်သော **ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ** ရတနာသိုက်ကြီးတစ်ခုပင် ဖြစ်ချေသည်တကား။

ရွှေဘဝင်းမောင်

www.burmeseclassic.com

www.burmeseclassic.com

## ပုဂံမင်းဆက်ဇယား

| အမှတ်စဉ် | မင်းများအမည် | ဇာတာပုံရာဇဝင် | | | ဦးကုလားရာဇဝင် | | | မှန်နန်းရာဇဝင် | | | တွင်းသင်းတိုက်ဝင် | | | ရာဇဝံသပါဠိ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | နန်းတက်သက္ကရာဇ် | အိမ်နိမ့် | နန်းစံ | နန်းတက်သက္ကရာဇ် | အိမ်နိမ့် | နန်းစံ | နန်းတက်သက္ကရာဇ် | အိမ်နိမ့် | နန်းစံ | နန်းတက်သက္ကရာဇ် | အိမ်နိမ့် | နန်းစံ | နန်းတက်သက္ကရာဇ် | အိမ်နိမ့် | နန်းစံ |
| ၁ | သမုတိရာဇ် | ၂ | ၃၂ | ၄၅ | ၂၉ | ၃၂ | ၄၅ | ၂၉ | ၃၂ | ၄၅ | ၂၉ | ၃၂ | ၄၅ | ၂၉ | ၃၂ | ၄၅ |
| ၂ | ရသေ့ကြောင် | ၄၇ | ၅၅ | ၁၅ | ၇၄ | ၉၁ | ၁၅ | ၇၄ | ၉၁ | ၁၅ | ၇၄ | ၉၁ | ၁၅ | ၇၄ | ၉၁ | ၁၅ |
| ၃ | ပြူစောထီး | ၆၂ | ၃၅ | ၈၂ | ၈၉ | ၃၅ | ၇၅ | ၈၉ | ၃၅ | ၇၅ | ၈၉ | ၃၅ | ၇၅ | ၈၉ | ၃၅ | ၇၅ |
| ၄ | ထီးမင်းယဉ် | ၁၄၄ | ၄၅ | ၂၇ | ၁၆၄ | ၅၀ | ၅၇ | ၁၆၄ | ၅၀ | ၅၇ | ၁၆၄ | ၅၀ | ၅၇ | ၁၆၄ | ၅၀ | ၅၇ |
| ၅ | သားယဉ်မင်းပိုက် | ၁၇၁ | ၂၀ | ၈၅ | ၂၂၁ | ၅၀ | ၂၅ | ၂၂၁ | ၅၀ | ၂၅ | ၂၂၁ | ၅၀ | ၂၅ | ၂၂၁ | ၅၀ | ၂၅ |
| ၆ | ပိုက်သေည်လည် | ၂၅၆ | ၄၀ | ၃၇ | ၂၄၆ | ၄၀ | ၂၀ | ၂၄၆ | ၄၀ | ၂၀ | ၂၄၆ | ၄၀ | ၂၀ | ၂၄၆ | ၄၀ | ၂၀ |
| ၇ | ပိုက်သေည်လည်ကြောင် | ၂၉၃ | ၅၃ | ၄၄ | ၂၆၆ | ၅၃ | ၄၃ | ၂၆၆ | ၅၃ | ၄၃ | ၂၆၆ | ၅၃ | ၄၃ | ၂၆၆ | ၅၃ | ၄၃ |
| ၈ | သားကြောင်ဒူရစ် | ၃၃၇ | ၅၅ | ၂၅ | ၃၀၉ | ၂၅ | ၂၅ | ၃၀၉ | ၅၅ | ၂၅ | ၃၀၉ | ၅၅ | ၂၅ | ၃၀၉ | ၅၅ | ၂၅ |
| ၉ | သားသည်းထန်မင်း | ၃၆၂ | ၃၀ | ၃၇ | ၃၃၄ | ၃၅ | ၂၇ | ၃၃၄ | ၃၅ | ၂၇ | ၃၃၄ | ၃၅ | ၂၇ | ၃၃၄ | ၃၅ | ၂၇ |
| ၁၀ | သူရဲမင်း | ၃၉၉ | ၃၃ | ၁၅ | ၃၆၁ | ၃၃ | ၅၅ | ၃၆၁ | ၃၂ | ၅၅ | ၃၆၁ | ၃၃ | ၅၅ | ၃၆၁ | ၃၃ | ၅၅ |
| ၁၁ | သာရမွန်ဖျား | ၄၁၄ | ၅၅ | ၂၂ | ၄၁၆ | ၅၅ | ၂၂ | ၄၁၆ | ၅၅ | ၂၂ | ၄၁၆ | ၆၀ | ၂၂ | ၄၁၆ | ၅၅ | ၂၂ |
| ၁၂ | သားသက်တိုင် | ၄၃၆ | ၃၁ | ၇ | ၄၃၈ | ၃၃ | ၇ | ၄၃၈ | ၄၅ | ၇ | ၄၃၈ | ၄၅ | ၇ | ၄၃၈ | ၃၃ | ၇ |
| ၁၃ | သားသည်လည်ကြောင်ထယ် | ၄၄၃ | ၂၂ | ၉ | ၄၄၅ | ၂၀ | ၉ | ၄၄၅ | ၃၅ | ၉ | ၄၄၅ | ၃၅ | ၉ | ၄၄၅ | ၂၀ | ၉ |

www.burmeseclassic.com

# ပုဂံမင်းဆက်ဇယား

| အမှတ်စဉ် | မင်းများအမည် | ဇာတာပုံရာဇဝင် | | | ဦးကုလားရာဇဝင် | | | မှန်နန်းရာဇဝင် | | | တွင်းသင်းတိုက်ဝင် | | | ရာဇဝံသပါဠိ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | နန်းတက် သက္ကရာဇ် | အိမ် နိမ့် | နန်း စံ | နန်းတက် သက္ကရာဇ် | အိမ် နိမ့် | နန်း စံ | နန်းတက် သက္ကရာဇ် | အိမ် နိမ့် | နန်း စံ | နန်းတက် သက္ကရာဇ် | အိမ် နိမ့် | နန်း စံ | နန်းတက် သက္ကရာဇ် | အိမ် နိမ့် | နန်း စံ |
| ၁၄ | ညီသည်လည်ပိုက် | ၄၅၂ | ၂၀ | ၅ | ၄၅၄ | ၂၀ | ၁၅ | ၄၅၄ | ၂၀ | ၁၅ | ၄၅၄ | ၂၀ | ၁၅ | ၄၅၄ | ၂၀ | ၁၅ |
| ၁၅ | ညီခန်လောင်း | ၄၅၇ | ၂၉ | ၁၀ | ၄၆၉ | ၁၉ | ၁၀ | ၄၆၉ | ၃၂ | ၁၀ | ၄၆၉ | ၃၂ | ၁၀ | ၄၆၉ | ၁၉ | ၁၁ |
| ၁၆ | ညီခန်လတ် | ၄၆၇ | ၂၀ | ၁၂ | ၄၇၉ | ၂၁ | ၁၂ | ၄၇၉ | ၃၉ | ၁၂ | ၄၇၉ | ၃၉ | ၁၂ | ၄၇၉ | ၂၁ | ၁၂ |
| ၁၇ | သားထွန်တိုက် | ၄၇၉ | ၁၉ | ၁၃ | ၄၉၁ | ၂၀ | ၁၃ | ၄၉၁ | ၃၅ | ၁၃ | ၄၉၁ | ၃၅ | ၁၃ | ၄၉၁ | ၂၀ | ၁၃ |
| ၁၈ | သားထွန်ပစ် | ၄၉၂ | ၂၀ | ၁၆ | ၅၀၄ | ၂၀ | ၁၆ | ၅၀၄ | ၃၀ | ၁၆ | ၅၀၄ | ၃၀ | ၁၆ | ၅၀၄ | ၂၀ | ၁၆ |
| ၁၉ | သားထွန်ချစ် | ၅၀၈ | ၂၆ | ၂၇ | ၅၂၀ | ၂၂ | ၁၅ | ၅၂၀ | ၂၂ | ၁၅ | ၅၂၀ | ၂၂ | ၁၅ | ၅၂၀ | ၂၂ | ၁၅ |
| ၂၀ | ပျူစောရဟန်း(သင်္ဃရာဇာ) | ၅၃၅ | ၆၆ | ၂၇ | ၅၃၅ | ၃၂ | ၂၇ | ၅၃၅ | ၃၇ | ၂၇ | ၅၃၅ | ၃၂ | ၂၇ | ၅၃၅ | ၃၇ | ၂၇ |
| ၂၁ | သမက်ရွှေအုန်းသီး | ၂ | ၃၅ | ၁၂ | ၂ | ၃၅ | ၁၂ | ၂ | ၃၅ | ၁၂ | ၂ | ၃၅ | ၁၂ | ၂ | ၃၅ | ၁၂ |
| ၂၂ | ညီပိတ်သုံ | ၁၄ | ၄၀ | ၈ | ၁၄ | ၄၀ | ၈ | ၁၄ | ၄၀ | ၈ | ၁၄ | ၄၀ | ၈ | ၁၄ | ၄၀ | ၈ |
| ၂၃ | သားပိတ်တောင်း | ၂၂ | ၂၂ | ၅၀ | ၂၂ | ၂၂ | ၅၀ | ၂၂ | ၂၂ | ၅၈ | ၂၂ | ၂၂ | ၅၀ | ၂၂ | ၂၂ | ၅၀ |
| ၂၄ | ညီငခွေး | ၇၂ | ၅၂ | ၆ | ၇၂ | ၅၅ | ၆ | ၇၂ | ၅၅ | ၆ | ၇၂ | ၅၅ | ၆ | ၇၂ | ၅၂ | ၆ |
| ၂၅ | မြင်းကျွေး | ၇၈ | ၂၁ | ၁၀ | ၇၈ | ၂၁ | ၁၀ | ၇၈ | ၂၁ | ၁၀ | ၇၈ | ၂၁ | ၁၀ | ၇၈ | ၂၁ | ၁၀ |
| ၂၆ | သိန်ခ | ၈၈ | ၅၃ | ၈ | ၈၈ | ၅၃ | ၈ | ၈၈ | ၅၃ | ၈ | ၈၈ | ၅၃ | ၈ | ၈၈ | ၅၃ | ၈ |
| ၂၇ | သားသိန်းခွန် | ၉၆ | ၄၀ | ၁၀ | ၉၆ | ၄၀ | ၁၀ | ၉၆ | ၅၅ | ၁၀ | ၉၆ | ၄၂ | ၁၀ | ၉၆ | ၃၅ | ၁၅ |

www.burmeseclassic.com
www.burmeseclassic.com

# ပွဲဝံမင်းဆက်ဇယား

| အမှတ်စဉ် | မင်းများအမည် | ဇာတာပုံရာဇဝင် နန်းတက်သက္ကရာဇ် | ဇာတာပုံရာဇဝင် အိမ်နိမ့် | ဇာတာပုံရာဇဝင် နန်းစံ | ဦးကုလားရာဇဝင် နန်းတက်သက္ကရာဇ် | ဦးကုလားရာဇဝင် အိမ်နိမ့် | ဦးကုလားရာဇဝင် နန်းစံ | မှန်နန်းရာဇဝင် နန်းတက်သက္ကရာဇ် | မှန်နန်းရာဇဝင် အိမ်နိမ့် | မှန်နန်းရာဇဝင် နန်းစံ | တွင်းသင်းတိုက်ဝင် နန်းတက်သက္ကရာဇ် | တွင်းသင်းတိုက်ဝင် အိမ်နိမ့် | တွင်းသင်းတိုက်ဝင် နန်းစံ | ရာဇဝံသပါဠိ နန်းတက်သက္ကရာဇ် | ရာဇဝံသပါဠိ အိမ်နိမ့် | ရာဇဝံသပါဠိ နန်းစံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၂၈ | သားရွှေလောင်း | ၁၀၆ | ၂၀ | ၉ | ၁၀၆ | ၂၀ | ၉ | ၁၀၆ | ၃၅ | ၉ | ၁၀၆ | ၅ | ၉ | ၁၁၁ | ၄၀ | ၉ |
| ၂၉ | သားထွန်းတွင်း | ၅၁၅ | ၃၀ | ၉ | ၁၁၅ | ၃၈ | ၉ | ၁၁၅ | ၂၆ | ၉ | ၁၁၅ | ၂၆ | ၉ | ၁၂၀ | ၂၀ | ၄ |
| ၃၀ | သားရွှေမောက် | ၁၂၄ | ၁၉ | ၂၃ | ၁၂၄ | ၁၉ | ၂၃ | ၁၂၄ | ၂၀ | ၂၃ | ၁၂၄ | ၁၉ | ၁၂ | ၁၂၄ | ၁၉ | ၂၃ |
| ၃၁ | ညီထွန်လွတ် | ၁၄၇ | ၃၀ | ၁၇ | ၁၄၇ | ၃၀ | ၁၇ | ၁၄၇ | ၃၉ | ၁၇ | ၁၄၇ | ၃၉ | ၁၇ | ၁၄၇ | ၂၃ | ၁၃ |
| ၃၂ | သားစောခင်နစ် | ၁၆၄ | ၃၀ | ၂၇ | ၁၆၄ | ၃၀ | ၂၇ | ၁၆၄ | ၃၆ | ၂၇ | ၁၆၄ | ၃၆ | ၂၇ | ၁၆၄ | ၃၀ | ၂၇ |
| ၃၃ | သားခဲလူး | ၁၉၁ | ၂၃ | ၁၇ | ၁၉၁ | ၂၃ | ၁၇ | ၁၉၁ | ၃၅ | ၁၇ | ၁၉၁ | ၃၅ | ၁၇ | ၁၉၁ | ၂၃ | ၁၇ |
| ၃၄ | ညီပျဉ်ပြားမင်း | ၂၀၈ | ၃၀ | ၃၀ | ၂၀၈ | ၃၀ | ၁၂ | ၂၀၈ | ၄၅ | ၃၂ | ၂၀၈ | ၄၅ | ၃၂ | ၂၀၈ | ၃၀ | ၁၂ |
| ၃၅ | သားတန်နက် | ၃၈ | ၁၈ | ၂၀ | ၂၂၀ | ၁၈ | ၁၈ | ၂၄၀ | ၂၈ | ၂၈ | ၂၄၀ | ၂၈ | ၂၈ | ၂၂၀ | ၁၈ | ၁၈ |
| ၃၆ | စလေငခွေး | ၂၆၆ | ၃၀ | ၃၀ | ၂၃၈ | ၃၀ | ၂၅ | ၂၆၈ | ၅၀ | ၉ | ၂၆၈ | ၅၀ | ၉ | ၂၃၈ | ၃၀ | ၂၅ |
| ၃၇ | သားသိန်းခို | ၂၉၆ | ၁၆ | ၂၂ | ၂၆၃ | ၂၂ | ၁၆ | ၂၇၇ | ၂၅ | ၁၆ | ၂၇၇ | ၂၅ | ၁၆ | ၂၆၃ | ၂၂ | ၁၆ |
| ၃၈ | ထောင်းချီကြီးညာပြီးစားရုပ် | ၃၁၈ | ၃၃ | ၄၅ | ၂၇၉ | ၄၅ | ၃၃ | ၂၉၃ | ၄၄ | ၃၃ | ၂၉၃ | ၄၅ | ၃၃ | ၂၇၉ | ၄၅ | ၃၃ |
| ၃၉ | ကွမ်းဆော်ကြောင်ဖြူ | ၁၆၃ | ၇၄ | ၂၀ | ၃၁၂ | ၇၄ | ၂၀ | ၃၂၆ | ၅၈ | ၂၂ | ၃၂၆ | ၅၈ | ၂၂ | ၃၁၂ | ၄၇ | ၂၃ |
| ၄၀ | ကျည်စိုး | ၃၈၃ | ၂၂ | ၁၇ | ၃၃၃ | ၂၁ | ၆ | ၃၄၈ | ၂၂ | ၆ | ၃၄၈ | ၂၂ | ၆ | ၃၃၃ | ၂၁ | ၆ |
| ၄၁ | ညီစုကြွတေး | ၄၀၀ | ၃၉ | ၆ | ၃၃၉ | ၂၇ | ၂၅ | ၃၅၄ | ၂၈ | ၂၅ | ၃၅၄ | ၂၈ | ၂၅ | ၃၃၉ | ၂၇ | ၂၅ |

www.burmeseclassic.com
www.burmeseclassic.com


www.burmeseclassic.com

# ပုဂံမင်းဆက်ဇယား

| အမှတ်စဉ် | မင်းများအမည် | ဇာတာပုံရာဇဝင် | | | ဦးကုလားရာဇဝင် | | | မှန်နန်းရာဇဝင် | | | တွင်းသင်းတိုက်ဝင် | | | ရာဇဝံသပါဠိ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | နန်းတက်သက္ကရာဇ် | အိမ်နိမ့် | နန်းစံ | နန်းတက်သက္ကရာဇ် | အိမ်နိမ့် | နန်းစံ | နန်းတက်သက္ကရာဇ် | အိမ်နိမ့် | နန်းစံ | နန်းတက်သက္ကရာဇ် | အိမ်နိမ့် | နန်းစံ | နန်းတက်သက္ကရာဇ် | အိမ်နိမ့် | နန်းစံ |
| ၄၂ | ညီနော်ရထား | ၄၀၆ | ၃၀ | ၃၃ | ၃၆၄ | ၃၃ | ၃၃ | ၃၇၉ | ၃၃ | ၄၂ | ၃၇၉ | ၃၃ | ၄၂ | ၃၆၄ | ၃၃ | ၃၃ |
| ၄၃ | သားစောလူး | ၄၃၉ | ၂၈ | ၇ | ၃၉၇ | ၃၀ | ၂၆ | ၄၂၁ | ၄၁ | ၅ | ၄၂၁ | ၃၀ | ၅ | ၃၉၈ | ၃၀ | ၂၇ |
| ၄၄ | ကျွန်စစ်သား | ၄၄၆ | ၁၄ | ၂၇ | ၄၂၅ | ၆၀ | ၂၅ | ၄၂၆ | ၄၄ | ၂၈ | ၄၂၆ | ၃၃ | ၂၉ | ၄၂၅ | - | - |
| ၄၅ | မြေးအလောင်းစည်သူ | ၄၇၃ | ၁၈ | ၅၆ | ၄၅၀ | ၁၅ | ၇၀ | ၄၅၄ | ၂၆ | ၇၅ | ၄၅၅ | ၁၅ | ၇၅ | ၅၂၀ | ၁၅ | ၇၀ |
| ၄၆ | သားနရသူ(ကုလားကျ) | ၅၂၉ | ၅၀ | ၃ | ၅၂၀ | ၄၅ | ၃ | ၅၂၉ | ၄၅ | ၄ | ၅၃၀ | ၅၅ | ၃ | ၅၂၃ | ၄၅ | ၃ |
| ၄၇ | သားမင်းယဉ်(နရသိင်္ခ) | ၅၃၂ | ၂၉ | ၃ | ၅၂၃ | ၃၂ | ၃ | ၅၃၃ | ၃၂ | ၃ | ၅၅၃ | ၃၈ | ၃ | ၅၂၃ | ၃၃ | ၃ |
| ၄၈ | ညီနရပတိစည်သူ | ၅၃၅ | ၂၆ | ၃၇ | ၅၂၆ | ၃၃ | ၃၃ | ၅၃၆ | ၃၃ | ၃၇ | ၅၃၆ | ၃၇ | ၃၇ | ၅၂၆ | ၁၃ | ၃၃ |
| ၄၉ | သားနန်းတောင်းများ | ၅၇၂ | ၃၆ | ၂၄ | ၅၅၉ | ၂၀ | ၂၂ | ၆၅၃ | ၃၇ | ၂၃ | ၆၇၃ | ၃၇ | ၂၀ | ၅၅၉ | ၂၀ | ၂၂ |
| ၅၀ | သားကျစွာ | ၅၉၆ | ၂၁ | ၁၅ | ၅၈၁ | ၂၀ | ၁၅ | ၅၉၆ | ၄၁ | ၁၆ | ၅၉၆ | ၄၁ | ၁၆ | ၅၈၁ | ၂၀ | ၁၅ |
| ၅၁ | သားဥဇနာ | ၆၁၁ | ၃၆ | ၅ | ၅၉၆ | ၃၃ | ၆ | ၆၁၂ | ၃၃ | ၅ | ၆၁၂ | ၃၃ | ၅ | ၅၉၆ | ၃၃ | ၆ |
| ၅၂ | သားတရုတ်ပြေး(နရသီဟပတေ့) | ၆၁၆ | ၁၆ | ၃၃ | ၆၀၂ | ၁၆ | ၄၄ | ၆၁၇ | ၁၆ | ၃၅ | ၆၁၇ | ၁၆ | ၃၁ | ၆၀၂ | ၁၆ | ၄၄ |
| ၅၃ | သားကျော်စွာ(ဒလစား) | ၆၄၉ | ၂၇ | ၁၃ | ၆၄၈ | ၃၃ | ၁၄ | ၆၄၈ | ၂၈ | ၁၂ | ၆၄၈ | ၂၈ | ၁၂ | ၅၄၈ | ၂၈ | ၁၄ |
| ၅၄ | သားစောနစ် | ၆၂၂ | ၁၆ | ၃၁ | ၆၆၅ | ၁၆ | ၂၂ | ၆၆၃ | ၁၆ | ၂၇ | ၆၆၀ | ၂၈ | ၃၂ | ၆၆၅ | ၂၅ | ၂၂ |
| ၅၅ | သားစောမွန်နစ် | ၆၉၁ | ၁၅ | ၁၇ | ၆၈၇ | ၅၁ | ၄၃ | ၆၈၇ | ၁၅ | ၄၃ | ၆၉၂ | ၂၀ | ၃၈ | ၆၈၇ | ၁၅ | ၄၃ |

www.burmeseclassic.com

www.burmeseclassic.com




စေတီ

| | | |
|---|---|---|
| ၁။ စိန်ဖူး | ၁၂။ ကြာစိတ် | ၂၃။ စေတီရံ |
| ၂။ စွန်းလေး | ၁၃။ ပေါင်းရစ် | ၂၄။ ကြေးပန်း |
| ၃။ ငှက်မြတ်နား | ၁၄။ ပတ်သေး | ၂၅။ ကျည်းဝန်း |
| ၄။ စွန်းကြီး | ၁၅။ ပတ်ကြီး | ၂၆။ ကလသာအိုး |
| ၅။ ဆပ်သွားဖူး | ၁၆။ ခိုးလျှော | ၂၇။ တတိယပစ္စယာ |
| ၆။ ထီးတော် | ၁၇။ သပိတ်မှောက်ပန်းဆွဲ | ၂၈။ နတ်လှေကား |
| ၇။ ငှက်ပျောဖူး | ၁၈။ စိန်တောင် | ၂၉။ ဓာတ်တော်စဥ့်ကွင်းများ |
| ၈။ ကြာစိပ် | ၁၉။ ဘီလူးပန်းကိုက် | ၃၀။ ဒုတိယပစ္စယာ |
| ၉။ ကြာလန် | ၂၀။ ရုပ်ဖွဲ့ | ၃၁။ ပထမပစ္စယာ |
| ၁၀။ ရှုံ | ၂၁။ ခေါင်းလောင်း | ၃၂။ မကန်း |
| ၁၁။ ကြာမှောက် | ၂၂။ ခေါင်းလောင်းနား | ၃၃။ နတ်မုခ် |

www.burmeseclassic.com

www.burmeseclassic.com




မှတ်စုများ

၁။ ချူရားသီး
၂။ ကြာလန်
၃။ ကြာမှောက်
၄။ ဖောင်းရစ်
၅။ သပိတ်မှောက်ခါးပတ်
၆။ ခေါင်းလောင်းပုံ
၇။ ခေါင်းလောင်းနား
၈။ ဖရုံတုံး
၉။ လက်ပင့်ကြာ
၁၀။ ရွှန်ကုပ်
၁၁။ ကွမ်းတောင်
၁၂။ ဆတ္တုတ်
၁၃။ ကွမ်းတောင်ပေါက်
၁၄။ လေသင့်ပြတင်း
၁၅။ ဖောင်းလုံး
၁၆။ စေတီရံ
၁၇။ ပန္နယဆောင်
၁၈။ မိုးလျှော
၁၉။ စိန့်တန်း
၂၀။ ခြင်ပြိတ်တိုး
၂၁။ ငှက်မျှော်ရှု
၂၂။ ဂုဏလက်ညှိုး
၂၃။ ကျည်းစွေ
၂၄။ ဒိုင်ပေါင်
၂၅။ လေသင့်တိုင်
၂၆။ တိုင်ကလပ်
၂၇။ ဝင်မှန်တံကဲ
၂၈။ မုခ်တိုင်
၂၉။ တံခါးခုံကျောက်
၃၀။ မှန်ကွက်

www.burmeseclassic.com


www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ပုဂံခေတ်အနုပညာ



ရွှေစည်းခုံဘုရားအတွင်းရှိ သစ်သားပန်းပု
(ကချေသည်)



မြင်းကပါ ဂူပြောက်ကြီးအတွင်းရှိ
နံရံဆေးရေးပန်းချီ (ကချေသည်)



နိုးမင်းကြီးဘုရားတွင်ရှိ စဉ့်ပန်းပု
(ကချေသည်၊ တူရိယာပညာရှင်)



ဗုတ်လိတ်ဘုရားအတွင်းရှိ
မြေမီးဖုတ်အုတ်ချက်ပုံနှိပ်ကျောက်စာ

www.burmeseclassic.com




မိုးသောက်ချိန်ခါ ရွှေ မှာ

www.burmeseclassic.com


www.burmeseclassic.com




စွယ်တော်မြတ်ဂုဏ် ရွှေစည်းခုံ



စွယ်တော်မြတ်အောင်တန့်ကြည့်တောင်



စွယ်တော်မြတ်စွာ လောကနန္ဒာ



စွယ်တော်မြတ်အောင်တုရင်တောင်

www.burmeseclassic.com

www.burmeseclassic.com

အစိဋ္ဌာန်အောင် ပြည့်(၅)ပြည့်ဘုရားများ


















www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com


www.burmeseclassic.com




မိုးထိမြင့်လု သဗ္ဗညု

www.burmeseclassic.com

www.burmeseclassic.com




လက်ရာစုံစွာ အာနန္ဒာ

www.burmeseclassic.com




ရှိုးဖူးမြင် ကန်တော့ပလ္လင်

www.burmeseclassic.com


www.burmeseclassic.com




ကမ္ဘာ့အံ့ချီး ဓမ္မရံကြီး

www.burmeseclassic.com


www.burmeseclassic.com




ငါးဆူဗုဒ္ဓ ဓမ္မရာဇက


www.burmeseclassic.com

www.burmeseclassic.com




ထူးထူးခြားခြား ပြဿဒါး

www.burmeseclassic.com




www.burmeseclassic.com




ပျူပုံစံထား ဗူးဘုရား

www.burmeseclassic.com

www.burmeseclassic.com




နေဝင်ရှုမျှော် ရွှေဆံတော်

www.burmeseclassic.com

www.burmeseclassic.com




ထူးခြားကြည်ညို ထီးလိုမင်းလို


www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com



အလင်းစေတမန် ရှင်အရဟံ

www.burmeseclassic.com


www.burmeseclassic.com




ပုဂံသူရဲကောင်း ကျန်စစ်သား

www.burmeseclassic.com

www.burmeseclassic.com



နေဝင်ဆည်းဆာ ရွှေပုဂံမှာ

www.burmeseclassic.com

www.burmeseclassic.com

# လျှပ်တစ်ပြက် မဟာပုဂံ

- သမုဒ္ဒရာဇ် မင်းကအစ
အရိမဒ္ဒနမည်တဲ့ ပုဂံကို
ယုံလွတ်ကျွန်းဆိုတဲ့ဒေသမှာ
ပထမစတင်တည်ထောင်ခဲ့တယ်။
- ကျားကြီး၊ ငှက်ကြီး၊ ဝက်ကြီး၊ ရှူးပျံကြီး
ဗူးတောကြီးဆိုတဲ့
ရန်သူကြီးတွေကို အပြီးသတ်
ပျူစောထီးရဲ့ ရာဇဝင်ဇာတ်တစ်ခုဟာ
အဲဒီအရပ်က စခဲ့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com


- မင်းခုနစ်ဆက်
သေလည်ကြောင်းမင်းလက်ထက်မှာ
သီရိပစ္စယာကျောက်စကား
ဒုတိယပုဂံ ပြောင်းသွားသတဲ့
နောက်မင်းများ (၁၂) ဆက်
သိုက်တိုင်မင်းလက်ထက်ရောက်တော့
တမ္ပဝတီဖွားစေဟာ
တတိယပုဂံလို့ ပြောဖြစ်တယ်။
- ဟောခုတွေ့ရတဲ့ စတုတ္ထပုဂံ
ပျဉ်ပြားမင်း တည်တဲ့ ပုဂံမှာတော့
ကျန်ခဲ့တာတွေအားလုံး
အံ့ဩလို့ မဆုံးနိုင်လောက်အောင် များလို့
ဘုရားကျောင်းကန်နဲ့ ဂူပုထိုး
အနုပညာအမျိုးမျိုးတွေထဲမှာ
ကျောက်ဆစ်ဗိသုကာ
ပန်းချီနဲ့ ပန်းပုလက်ရာ
ကမ္ဘာကျော်တဲ့ မြန်မာ[illegible]တွေက
ပုဂံ[illegible] ဘာ[illegible]ဝေး
[illegible]ကြီးအမွေပေးထားခဲ့တာပေါ့ ...။

www.burmeseclassic.com

www.burmeseclassic.com


▶ ဒါကိုမှ ကျေးဇူးမတင်တတ် မယူတတ်ရင်
တို့လောက်တော်ဖို့ကောင်းတာ ဘယ်သူရှိမှာလဲ
လာလိုက်ကြတဲ့ တိုးရစ်တွေ
ကုတ်ခြစ်ပြီး ဒေါ်လာသုံး
ငှက်ပျောသီးတစ်လုံးနဲ့ နေလယ်စာ
စက်ဘီးကယ်ရီယာနဲ့ ပုဂံကိုပတ်
ရသလောက် အမြတ်ထုတ်သွားကြတာပဲ . . . ။

▶ မြန်မာပြည်မွေး–မြန်မာ့သွေး
ပုဂံဆိုတာ ဘာဝေးတာမှတ်လို့
ကိုယ့်အရပ်ကိုယ်ချစ်
ကိုယ့်တိုင်းပြည်ကို ကိုယ်ချစ်ရအောင်
အနှစ်တစ်ထောင်က ပထမမြန်မာ
အုံ့မခန်း ကြီးကျယ်ခဲ့တာမို့
အနုပညာမှော်ဆရာတွေ
လာလာပြီး တူးဆွ
ဂီတနဲ့ အသံတွေသီ
ပန်းချီနဲ့ အရုပ်တွေရေး
အခေတွေးနဲ့ တာလုံးဖော်
ဖလင်ကော်ပြားနဲ့ ဓာတ်အိမ်ပွဲ
အနုပညာရဲ့အမွေ
ယူလို့ပင် မကုန်နိုင်ချေဘူး
ဒီမြေနဲ့ ဒီရေကိုသောက်
ပုဂံအိမ်ပေါက်ကလို့ တက်ရတော့
ကိုယ့်မျိုးဆက်အစဉ် ကိုယ့်မြန်မာကျေနပ်လို့ပါပဲ . . . ။




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မြန်မာမှန်ရင် ပုဂံကိုချစ်စိတ်သန်

ပုဂံရှိလို့ မြန်မာရှိပြန်

ပုဂံရှိလို့ ကမ္ဘာသိမြန်

ပုဂံရှိလို့ ဘာသာသိကျန်

ပုဂံရှိလို့ သာသနာအသိမှန်

ပုဂံရှိလို့ ယဉ်ကျေးအဆင့်သဏ္ဍာန်


ပုဂံရှိလို့ အထင်မသေးဝံ့အသံ

နေတစ်နှုန်းနော်မညှိုးတဲ့

ရွှေဘုန်းတော်တိုးခဲ့ ရွှေပုဂံ...။

www.burmeseclassic.com

www.burmeseclassic.com




ညောင်ဦး မဏိစည်သူဈေးမှ အနောက်သို့ လေးဖာလုံခန့် ဆင်းသွားလျှင် ရွှေတောင်ကြီး ပုံထားသကဲ့သို့ လည်းကောင်း၊ ရွှေဆွမ်းအုပ်ကြီး တည်ထားသကဲ့သို့ လည်းကောင်း၊ ပုဂံစွယ်တော်မြတ် အဦးအဖျား ရွှေစည်းခုံဘုရားကြီးကို ဖူးတွေ့ရသည်။ တောင်ဘက်စောင်းတန်းနှင့် အရှေ့ဘက်စောင်းတန်းရှည်ကြီးနှစ်ခုရှိရှ ပုဂံညောင်ဦးဒေသထွက် ပစ္စည်းများရောင်းသော ဈေးဆိုင်တန်းများနှင့် စည်ကား လှသည်။ ပုဂံနန်းစံသက် သက္ကရာဇ် ၃၉၃ ခုနှစ်တွင် အနုရုဒ္ဓါ (ခေါ်) အနော်ရထာ

www.burmeseclassic.com

www.burmeseclassic.com


မင်းကြီးသည် သိကြားပေးသော အိပ်မက်အရ သီဟိုဠ်ကျွန်းသို့ သံတမန်စေလွှတ်၍ စွယ်တော်မြတ် ပင့်တော်မူစေသည်။ သီဟိုဠ်ဘုရင် ဓာတုသေနမင်းကလည်း ကျေးဇူး ဆပ်သောအားဖြင့် စွယ်တော်ပွားတစ်ဆူ ပေးအပ်လိုက်ရာ အနော်ရထာမင်းကြီး ကိုယ်တိုင် သီရိပစ္စယာ ဧရာဝတီမြစ်ထဲသို့ လည်ပင်းတိုင်အောင် ဆင်းတော်မူကာ စွယ်တော်ကို ကြိုတော်မူသည်။ နန်းတော်တွင်းဝယ် ရတနာပြာသာဒ်ဖြင့် ပူဇော်ကာ ဆည်းကပ်ကိုးကွယ်တော်မူစေ၏။ ထို့နောက် ရှင်အရဟံ တိုက်တွန်းတော်မူသောကြောင့် စွယ်တော်မြတ်ကို ဆင်ဖြူရတနာဖြင့်တင်ကာလွှတ်တော်မူရာ ဆင်ဖြူရတနာသည် ပုဂံမြို့ အရှေ့မြောက်အရပ် သဲစည်းခုံတွင် ဝပ်တော်မူလေသည်။ သဲစည်းခုံဆိုသည်ကား အောက်ခြေခိုင်ခန့်မည်မဟုတ်သောကြောင့် မင်းကြီး စိတ်မကောင်းရှိတော်မူရာ ထိုည၌ပင် သိကြားမင်းက ဤမြေသည် သာသနာ ၅၀၀၀ အရှည်တည်တံ့ရန် မြေဖြစ်ပါသည်။ စိတ်မကောင်း မရှိပါနှင့်ဟု အိပ်မက် ပေးလေရာ အနော်ရထာမင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာစွာဖြင့် ထိုမြေအား ကျောက်မြေအဖြစ်သို့ဖို့ကာ သံပြားကွပ်ပြီး သက္ကရာဇ် ၃၉၃ ခုနှစ်တွင် ရွှေစည်းခုံစေတီတော်မြတ်ကြီး၌ သီဟိုဠ်မှရသော စွယ်တော်အပြင် တရုတ်ပြည်မှရသော မြဆင်းတု၊ သရေခေတ္တရာမှရသော ဘုရားသခင်၏ သင်းကျစ်တော်နှင့် မင်းကြီး၏ ကိုယ်စားတော် ရတနာပန်းတောင်းဖက်ဟန် ရွှေစင်သွန်း၍ ဌာပနာတော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com


ရွှေစည်းခုံ အတွင်းကပ်စေတီအား သက္ကရာဇ် ၄၂၁-ခုတွင် ပြီးစီးအောင်မြင်တော်မူသော်လည်း အနော်ရထာမင်းကြီး၏စိတ်ထဲဝယ် ဖိနပ်မြေသံတောင် ၃၂၀ ရှိသော အပြင်ကပ်စေတီအား တည်ထားတော်မူချင်သည့်ဆန္ဒမှာ မအောင်မြင်ဘဲ ဖြစ်ရရှာသည်။ အဘယ်ကြောင့်ဆိုသော် ကိုးခရိုင်နယ်သို့ ထွက်တော်မူပြီးအပြန် သရပါတံခါးအဝင်၌ အောင်သာဘက်တွင် ကျွဲဆိုးကြီးတစ်ကောင် သောင်းကျန်းနေသည်ဟုကြား၍ သွားရောက်နှိမ်နင်းရာတွင် ကျွဲရိုင်းခတ်၍ နတ်ရွာစံတော်မူရှာသည်။

သက္ကရာဇ် ၄၄၆-ခုနှစ်တွင် နန်းတက်တော်မူသော ကျန်စစ်မင်းကြီးသည် ရွှေစည်းခုံ စေတီတော်အား သက္ကရာဇ် ၄၅၁-ခု၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့တွင် အနော်ရထာမင်း၏ ဆန္ဒအတိုင်း ဖိနပ်ခြေသံတောင် (၃၀၀) အမြင့်သံတောင် (၈၀) ရှိသော အပြင်ကပ်စေတီကို တည်တော်မူသည်။ ယခု ဖူးမြင်ရသော ရွှေစည်းခုံစေတီတော်မှာ ပုဂံတွင် ရှားပါးလှသော ကျောက်သားဖြင့်တည်ထားသော ဘုရားစေတီ အဆောက်အအုံ ၄ ခုအနက် တစ်ခုအပါ အဝင်ဖြစ်ပြီး ပုဂံရှိ နှစ်ထပ်ဘုရား ၄၅ ဆူအနက် တစ်ဆူအပါအဝင် ဖြစ်သည်။ ထိုအပြင် ငါးရာ့ငါးဆယ်စဥ့် ဇာတ်ကွက်များရှိသော ဘုရား (၄)ဆူ အနက် စဥ့်ဇာတ်ကွက်ပေါင်း (၅၉၆) ရှိသည့် တစ်ဆူအပါအဝင်ဖြစ်သည်။ ထိုသို့ အပြင်ကပ် ကျောက်စေတီတော်တည်ရာ၌ ၇ မိုင် ဝေးသော တူရွင်းတောင်မှ ကျောက်တို့အား အလျား (၃) ထွာ အနံ (၁) ထွာ ရွေခြမ်း၍ ပုဂံသားတို့ လက်ဆင့်ကမ်းသယ်ခဲ့ကြရာ သိကြားမင်းနှင့် နတ်ဗြဟ္မာအပေါင်းမှ ကူညီဆောင်မခဲ့ကြသည်ဟု ဆိုသည်။ ကျောက်များကို လက်ဆင့်ကမ်းသယ်ခဲ့ကြသူများ နေပူမခရလေအောင် မန်ကျည်းစေ့များ အမိဋ္ဌာန်ပြုကြဲစိုက်ရာ နေ့ချင်းညချင်း ရှင်သန် ကြီးပြင်း၍ အရိပ်ဖြစ်စေ၏။ အသူရာနတ်တို့က စန္ဒကူးသရက္ခန်သားများ မီးသွေး ဖုတ်ရသည်။ ဘီလူးတို့က နွားနို့ညှစ်ရသည်။ ဘုမ္မစိုးနတ်တို့က ပင်လယ်အောက်မှ ပုလဲကျောက်တို့ကို ယူ၍ ထုံးဖုတ်ရသည်။ နဂါးတို့က သရွတ်နယ်ကြရသည်။ သိကြားမင်းက အရှေ့တောင်ထောင့်တွင် ခြသေ့ရုပ်ထုကြီးအား လက်တော်နှင့်အတူ လက်ရှစ်သစ်ရှိသော အင်္ဂတေမံသည်ဟုဆိုလေသည်။ ကျန်စစ်မင်းကြီးသည် သက္ကရာဇ် ၄၅၂ ခု ကဆုန်လပြည့်နေ့တွင် ရွှေထီးအလှူတော်တင်

www.burmeseclassic.com

www.burmeseclassic.com


ပြီးစီးတော်မူသည်။ (ချယားသီး ပဥ္စလောဟာ အစောက်ကိုးထောင်၊ အဝန်းတစ်ဆယ့်ကိုးထောင်နှစ်မိုက်၊ စေတီရံ နှစ်ဆယ်၊ ကြာသွပ်အိုး ၁၂ လုံး၊ ခြင်္သေ့ရုပ် (၂)၊ မာန်နတ်ရုပ် (၁၆) ရုပ်၊ ပင်လယ်ဆားရုပ် (၁၆)ရုပ်၊ မုခ် ၄ ခု လှေကား (၁၂)၊ ထီးပေါင်း (၃၇)လက်၊ လေးထောင့် ပစ္စယံ (၃) ခု၊ ရှစ်မြှောင့်ပစ္စယံ (၁) ခု၊ အဝိုင်းပစ္စယံ (၁) ခု၊ တတိယပစ္စယံပေါ်တွင် စေတီယံ (၄) ဆူ၊ ပန်းအိုး (၄) လုံး၊ ပထမနှင့် ဒုတိယပစ္စယံပေါ်တွင် ပန်းအိုး (၄) လုံးစီရှိသည်။ ဆတ္တဝတီထီးအဆင့်များဖြစ်သည့် ဖောင်းရစ်ပိုင်းတွင် မိုးလျှော (၁၁)ခုမှာ ထီး (၁၁) ဆင့် သဘောဖြစ်သည်။ အမြင့် ၁၆ ပေ၊ အချင်း ၁၀ ပေရှိ ခရေသီးမှာ ပဥ္စလောဟာဖြင့် ပြုလုပ်ထားသည်။ ရွှေစည်းခုံဘုရားမှာ ထောင့်လေးထောင့်၌ ကျောက်ဖြင့် တည်ဆောက်ထားသည့် ဖင်နှစ်ခွခြင်္သေ့ရုပ်ကြီးများမှာ လက်ရာမြောက်လှသည်။ အရှေ့ဘက်တွင် နတ်လမ်းလှေကားထိပ်နှင့် (၈)ပေ အကွာတွင် အချင်းသုံးလက်မခွဲအနက် တစ်လက်မခွဲ ရှိကျောက်ခွက်ရေချိန်တစ်ခုရှိရာ ဘုရားကြီးတည်စဉ်က တည့်မတ်မှု ရှိမရှိ ချိန်သည့်ရေချိန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အတွင်းအံ့ကိုးပါး

ကဗျာ - တင်းဝန်မင်းကြီး

ထီးမဆိုင်း တံတိုင်း၌ရိပ်တည်။
မလွှင့်ရွှေလှောင်ပ
ဗိုလ်သောင်းထောင်ဝင်မကြပ်တဲ့ပြင်
ဆွမ်းကပ်သူလက်မဦးနိုင်နှင့်
မကူးသံကြားဟီး တီးတဲ့ရွှေစည်။
မြင့်ဝှမ်းရောင်ထင်စနိုးပေပ
မိုးကပ်ပြုရေအရည် အနည်မျှမကြွင်း။
ချယားပင် ဒွါဒသင်ခါမလင့်ပေပ
ငုံပွင့်ကာကြူထုံတဲ့ ဇေယျခုံအံ့ဖွယ်ကိုးကို
တိုးခဝပ်စင်း . . .။

## အပြင်အံ့ကိုးပါး

ကဗျာ - သူရဇော်

ဆင်ဖြူဝပ်ရာရေမစီး သဲထုကြီးသောင်ပြင်။
သိကြားသူဖန်တော့
သဲသောင်ယံကျောက်မြေဖြစ်သည်ပ
ဝဲရစ်ရေစေတီထူး၊ ဦးခိုက်သည်ပင် ။
တံတိုင်းကျယ် ပယ်ရှစ်မင်းနှင့်
တူရွှင်းတောင် ကျောက်ဆင့်ကမ်းသယ်တော့
မပန်းဖို့အရိပ်ဆင်၊ မန်ကျည်းပင်ပေါက်သား ။
ကျောက်သယ်ပြီးပြန်တော့ ထိုမန်ကျည်းပျောက်ကွယ်လို့
ကြည်ညိုဖွယ်စေတီရိပ်ရယ်က လှေကားထိပ်မှန်မှာထင်လို့
အဝေးမြင်ကုန်းမြေမောက်ပေမင့် အနီးရောက်ဖူးတွေ့ရာ မြေပြင်မှာတည်ပုံခန့်
ပြင်အံ့ကိုးပါး. . ။

စေတီ၏ (၄) မျက်နှာ ကြေးဂူတိုက် အတွင်း၌ (၁၃)ပေခန့်ရှိ ပဥ္စလောဟာ မတ်တပ်ရပ် ဆင်းတုတော် (၄) ဆူရှိပြီး အနောက်ဘက် ကဿပ ဘုရားပုံတော်သာ မူလအတိုင်း ဖြစ်သည်။ အာနန္ဒာဘုရား၌ မတ်ရပ်ကိုယ်တော်ကြီးကဲ့သို့ အဝေးမှ ဖူးလျှင် မျက်နှာတော်မှာ ပြုံးနေသည်။

www.burmeseclassic.com


www.burmeseclassic.com



ကျန်စစ်မင်းကြီးကျောက်စာနှင့် ဘုရင့်နောင်၏ ကုသိုလ်တော် ကြေးခေါင်းလောင်း နှစ်လုံးအပါအဝင် ခေါင်းလောင်း (၂၆) လုံးရှိသည်။ အရှေ့ဘက် တံတိုင်းမုခ် အပြင်ဘက် ခြင်္သေ့ကြီး နှစ်ကောင်၏ အနီး တွင် အမြင့် ၉'၄" အလျား ၂'၆' အနံ ၂'၃' ရှိ မွန်ဘာသာဖြင့် ရေးထိုးထားသော လေးထောင့်ကျောက်စာတိုင်ကြီး နှစ်တိုင်မှာ ကျန်စစ်သားကျောက်စာတိုင် ဖြစ်သည်။ ထိုကျောက်စာတွင် ကျန်စစ်သားမင်းကြီး၏ ဘဝနာအတ္တုပ္ပတ္တိကို မှတ်တမ်းပြုထားသည်။

ဂေါပကရုံးခန်းအနီးတွင်ထားသော ရွှေအာရုံခံတန်ဆောင်းတွင် တပ်သည့် အလျား (၁၂) ပေ၊ အနံ (၅) ပေရှိသည့် ကျွန်းတံခါးရွက်ကြီးတွင် ပန်းပုရုပ်များ အတန်း (၅)တန်းခွဲ၍ ထုလုပ်ထားသည်။ ဤပန်းပုရုပ်များမှာ အနှစ် (၉၀၀)ကျော်က ပုဂံတွင်ရှိခဲ့သော စည်သည်ပန်တျာရုပ်များဖြစ်ပြီး ထိုပုံများမှာ ပုဂံခေတ်ဘုရား ဆွမ်းပန်း ဆီးမီးကပ်သောအခါ အတီးအကများဖြင့် တွဲဖက်၍ ပူဇော်ကန်တော့သော အလေ့အထရှိခဲ့ကြောင်းကို ထိုတံခါးကြီးက သက်သေခံ အစောဆုံး အထောက်အထားဖြစ်သည်။ တံခါးရွက်တွင် ဒီဇိုင်းအကွက် ရှစ်ကွက်ဖြင့် ဖော်ထားပြီး တစ်ကွက်စီတွင် ဘဲဥပုံဖြင့် (၁၂) မြောင့်ကွက် ဒီဇိုင်းများဖြင့် ဖန်တီးထားပြီး ကနုတ်ပန်းများကား အဆင့်မြင့်လှသည်။ ရေနံသုတ်ထားခြင်းကြောင့် အဆင်အပြင် ညစ်မွဲနေပြီး အချို့ရုပ်ကြွများ ရေနံချေးသုတ်ရာတွင် ပွန်းတိုက်ဖိ၍ အရုပ်မပီမသ ဖြစ်ရပြီး ယခင်ရှိခဲ့သော (၁၅) ရုပ်တွင် ယခု (၁၃) ရုပ်သာ ရှိတော့သည်။





www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက် ကြေးဂူတိုက်၏ အရှေ့တောင်ဘက် အုတ်ခုံပေါ်တွင် ဘုရင့်နောင် မင်းတရားကြီး လှူဒါန်းထားသော ပါဠိ၊ မွန်၊ မြန်မာ သုံးဘာသာဖြင့် ရေးထိုးထား၍ အလေးချိန် (၂၁၀၀) ပိဿာရှိ ကြေးခေါင်းလောင်းကြီး တစ်လုံးရှိသည်။ ခေါင်းပုစွန် ထုပ်ကွေး တစ်ဖက်တစ်ချက်ရှိ ဟင်္သာရုပ်သည် ဟံသာဝတီ အထိမ်းအမှတ် ဖြစ်ပြီး စစ်ပွဲအောင်ပုံ၊ နိုင်ငံတော်တည်ဆောက်ပုံ၊ ရွှေစည်းခုံဘုရားကြီး အနောက်တောင်ဘက်တွင် အဖထက်သားတစ်လဦး နတ်ကြီးနှစ်ပါးဖြစ်သော အဖရွှေညိုသင်၊ သား ရွှေစကားနတ်ရုပ်ကြီးနှင့် ပွဲစားကြီး ဦးနေဒွန်း နတ်ရုပ်ကြီးများရှိကြသည်။





တည်ထောင်သူနှင့် မွမ်းမံသူ
ဘုရင်နှစ်ပါးပူဇော်ခဲ့တဲ့ ဘုရား
ဧရာဝတီမြစ်ရဲ့ ချောက်ကမ်းပါးမှာ
ဆွမ်းအုပ်ကြီး တည်ထားသလို
ရွှေသားလုံးပြည့်
မိုးတိမ်ညွှန့်အထိပါပဲ
ဘယ်ကကြည့်ကြည့် ဘယ်ကဖူးဖူး
စွယ်တော်ဦးဘုရား ရွှေစည်းခုံ
ရွှေတောင်ကြီးပုံထားတဲ့အတိုင်း. . .။

+++++

www.burmeseclassic.com



# ငှက်ပစ်တောင် နှင့် ရှင်အရဟံ အုတ်ကျောင်း

၁၇၆/၁၃၆

ညောင်ဦး မဏိစည်သူဈေးနှင့် အနော်ရထာလမ်းထိပ်၊ ပုဂံလမ်းခွဲရှိ ဆပ္ပဒဘုရား (ဘုရားနီ)ကြား အရှေ့ဘက်သွားသောလမ်းကို ပတ်ပြီးလျှင် တောင်ဘက် မှတစ်ဆင့် ချိုးကွေ့လျှင် ငှက်ပစ်တောင်ဘုရားနှင့် ရှင်အရဟံအုတ်ကျောင်းသို့ ရောက်ပေသည်။

ငှက်ပစ်တောင်ဘုရားနှင့် ပတ်သက်၍ စိတ်ဝင်စားဖွယ်ရာ ဇာတ်လမ်းမှာ ပျူစောထီး ဖြစ်သည်။ တကောင်းပြည်ကြီးတွင် သတိုးမဟာရာဇာမင်းမြှီး နန်းစံတော် မူရာ ၎င်းလက်ထက် ပြည်ရွာမငြိမ်မသက်ရှိ၍ ဤမင်း၏ အနှုပ်တော် သတိုးအာဒိစ္စမင်းသည် မလည်အရပ်သို့ ရှောင်ပုန်းလာခဲ့ရ၏။ ထို့နောက်

www.burmeseclassic.com

www.burmeseclassic.com

မထင်မရှားအသွင်ဖြင့် ဥယျာဉ်တောင်ယာလုပ်ကိုင် စားသောက်ရင်း သားတစ်ယောက်ရရှိခဲ့သည်။ ထိုသားအား စောထီးဟုအမည်ပေးပြီး (၇)နှစ်အရွယ်ရောက်သော် ဆရာရသေ့တစ်ပါးထံ ပညာသင်ရန်အပ်နှံသောအခါ ဤဆရာရသေ့က စောထီး၏အဆင်းသဏ္ဌာန် ကြံ့အင်လက္ခဏာကို ကြည့်၍ ဤသူငယ်သည် တစ်နေ့မင်းဖြစ်လိမ့်မည်ဟုသိတော်မူပြီး စောထီးအမည်မှ မင်းထီးအမည်ပြောင်းကာ ပညာသင်ပေးသည်။ မင်းထီးသည် မင်းသားတို့ တတ်အပ်သောအတတ်တို့၌ လေးအတတ်ကို ထူးချွန်စွာတတ်မြောက်လေသည်။

အသက် (၁၆)နှစ်အရွယ်တွင် သိကြားမင်းပေးလိုက်သော ရတနာလေးနှင့်မြားကို ယူဆောင်၍ ပုဂံသို့သွားပြီး ပျူအိုလင်မယားထံတွင်ခိုလှုံသည်။ မင်းထီးမှ ပျူစောထီးအသွင်ဖြင့်နေလေသည်။ ပျူအိုလင်မယားနေသောအရပ်ကား ယခုညောင်ဦးမြို့ အရှေ့ဘက် ၅ မိုင်ကွာတွင်ရှိသည့် မြေခဲတွင်းရွာဖြစ်သည်။


ထိုအချိန်တွင် ပုဂံပြည်၏ အရှေ့ဘက်၌ ဝက်ကြီး၊ အနောက်ဘက်၌ ငှက်ကြီး၊ မြောက်ဘက်၌ ရှူးပျံကြီး၊ တောင်ဘက်၌ ကျားကြီး စသည့် ရန်သူကြီး (၄) ဦးမှာ အရံ (၅၀၀)စီနှင့် နေကြသည်။ ထိုစဉ်က ရွာ (၁၉) ရွာကို စုစည်း၍



www.burmeseclassic.com

www.burmeseclassic.com


ယုံလွတ်ကျွန်းအရပ်၌ ပုဂံဟု စတင်တည်ထောင်စိုးစံသော သမုတိရာဇာမင်းသည်ပင် လျှင်မနိုင်၍ နေ့စဉ်အာဟာရဆက်နေရကာ ငှက်ကြီးကိုမူကား တစ်နေ့တစ်ယောက် မျှနှုန်းဖြင့် သမီးကညာများ ဆက်သလာခဲ့ရာ (၁၂) နှစ်ပင်တိုင်ခဲ့လေသည်။ ပျူစောထီးလည်း ရန်သူများရှိရာသို့သွားပြီး နှိမ်နင်းအောင်မြင်ပြီးနောက် နောက်ဆုံး ရန်သူဖြစ်သော ငှက်ကြီးနှင့် တွေ့ဆုံလေရာ သိကြားမင်းပေးသော လေးနှင့်မြား ကိုသုံး၍ ငှက်ကြီးကိုပစ်ရာ ငှက်ကြီးသေလေသည်။ ဘုရင်သမီးကညာ (၇) ယောက်လည်း ငှက်တောင်တစ်ချောင်းကိုရွက်၍ မင်းကြီးထံဆက်သရန် ကြိုးစားရာ မနိုင်၍ လမ်းတွင်ပစ်ချရသောကြောင့် ငှက်တောင်ပစ်ဟုတွင်၏။ နောင်သော် (ငှက်ပစ်တောင်) ဖြစ်လာသည်။ သက္ကရာဇ် ၇၄ တွင် သမုတိရာဇာမင်း နတ်ရွာစံ သော် ပျူစောထီးက မင်းမပြုသေးဘဲ ဆရာရသေ့အား မင်းပြုစေရာ ရသေ့ကြောင် မင်း (၁၅)နှစ်ခန့်နန်းစံရ၍ သက္ကရာဇ်(၈၉)ခုနှစ်တွင် ရသေ့ကြောင်မင်းအနိစ္စ ရောက်သော် ပျူစောထီးမင်းဖြစ်သည်။



ငှက်ပစ်တောင်ဘုရားသည် ပျူစောထီးမင်း ကောင်းမှုတော်ဖြစ်ပြီး သက္ကရာဇ် (၉၂) ခုနှစ်တွင် တည်သည်ဟုဆိုသည်။ ထိုဘုရားတည်သော နေရာသည် ထီးလိုင်ကာ ငှက်ကြီးအား ပစ်သတ်ရာနေရာ၌ တည်ထားခဲ့သော ဘုရားဖြစ်သည်။ အချို့အယူအဆမှာ ဤနေရာသည် ငှက်တောင်ကို ခုန်ပစ်ရာဖြစ်၍ ငှက်တောင်ပစ်မှ ငှက်ပစ်တောင် ဖြစ်ရသည်ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

ငှက်ပစ်တောင်ဘုရားမှာ ၂၅ ပေခန့်မြင့်သော တောင်ကုန်းပေါ်တွင်ရှိပြီး မုခ်လေးမျက်နှာနှင့် စေတီတော်နှစ်ဆူရှိသည်။ ဂေါတမဘုရားမှာ လက်ဝဲဘက် စေတီ၏ အောက်ဘက်တောင်ခြေတွင်ရှိသည်။ မြောက်ဘက်တွင် ငှက်ပစ်တောင် ကျောင်းတိုက်နှင့် အရှင်ဉာဏမဉ္ဇူအား အမှူးထား၍ နရပတိစည်သူမင်းကြီးက လှူဒါန်းခဲ့သည့် ငွေလေးဥမင်၊ သမီးဝှက်ဥမင်၊ မြားသဥမင်၊ စည်းတားဥမင်၊ ငှက်ချောင်းဥမင်၊ ငှက်ပစ်ဥမင်၊ ငှက်ပေါက်ဥမင်၊ ငှက်ကူးဥမင်၊ ငှက်ရေသောက် ဥမင်၊ ငှက်လှေးဥမင်၊ ငှက်စားကြွင်းခုနစ်ယောက် ဥမင် စသော ငှက်ပစ်တောင်နှင့် နွယ်သော ဥမင်ပေါင်း (၁၁၄၀) တည်တော်မူသည်။

ငှက်ပစ်တောင်နှင့် တစ်ဆက်တည်း ရှင်အရဟံအုတ်ကျောင်းကို တွေ့ရသည်။ အနောက်ဘက်တွင် အုတ်အဆောက်အအုံရှိပြီး ရှေ့ဥပစာတွင် ဘုရားဟော ဓမ္မသာလာ တစ်ဆောင်ရှိသည်။ ၁၉၉၅ ခုနှစ်၊ မေလ၊ (၁၃) ရက်၊ စနေနေ့တွင် စတင်ပြုပြင် တည် ဆောက်ခဲ့ရာ ၁၉၉၆ ခုနှစ်၊ ဇွန်လ၊ (၃၀) ရက်၊ တနင်္ဂနွေနေ့တွင် ပြီးစီးအောင်မြင်သည်။ အတွင်း၌ ရှင်အရဟံသီတင်းသုံးနေပုံရုပ်တုမှာ အသက်ဝင် လှသည်။




ရှင်အရဟံအုတ်ကျောင်းတွင် ရှင်အရဟံရဟန္တာမြတ်သီတင်းသုံးနေပုံ

www.burmeseclassic.com

www.burmeseclassic.com






# ကျောက်ကူးဥမင်

၁၅၄/၁၂၃

ကျောက်ကူးဥမင်နှင့် ဘုရားမှာ ညောင်ဦးမြို့အရှေ့ဘက်နှင့် ငသယောက်၊ မြင်းခြံသွား ကားလမ်းမှ အနောက်ဘက် ဧရာဝတီမြစ်ကမ်းပါး အနီးတွင် ရှိသည်။ ကျောက်အုတ်တို့ဖြင့် တည်သော ဥမင်ဖြစ်၍ ကျောက်ဂူဥမင်ဟူ၍လည်းကောင်း၊ ဓားမနှင့် ဓားသွေးကျောက်မြစ်ညာသို့ကူး၍ ကျောက်ကူးဟူ၍လည်းကောင်း၊ ရှေ့ပိုင်း ကျောက်အုတ်နှင့် နောက်ပိုင်း ကျောက်ကမ်းပါးတို့ ဆက်ကူးထားသောကြောင့် ကျောက်ကူးဟူ၍လည်းကောင်း ခေါ်သည်။ ပုဂံတွင် ရှားပါးသော ဘုရားအဆောက်အအုံ (၄) ခုအနက် တစ်ခုအပါ အဝင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သက္ကရာဇ် (၅၃၆) ခုနှစ်တွင် နန်းတက်သော ပုဂံဘုရင် နရပတိစည်သူမင်းကြီးလက်ထက် ငှက်ပစ်တောင်ဂိုဏ်း အရှင်ဥတ္တရဇီဝမထေရ်၏ တပည့်တစ်ဦးဖြစ်သည့် အရှင်ပဏ္ဍိတမထေရ်မှာ သီလ၊ သမာဓိ၊ ပညာ ပြည့်စုံသောကြောင့် မင်းနှင့်တကွ အများပြည်သူတို့ ကြည်ညိုကိုးကွယ်ကြသည်။ သို့သော် ထိုမထေရ်၏ ဂုဏ်သိက္ခာ ညှိုးနွမ်း နာမည်ပျက်စေသောငှာ မိန်းမတစ်ဦးသည် တရားမွေ့လျော်အားထုတ်ချင် ယောင်ဆောင်၍ ပဏ္ဍိတမထေရ်၏ ကျောင်းနှင့် မနီးမဝေးမြစ်ကမ်းထိပ်တွင် လာရောက်နေထိုင်သည်။ ၎င်းနောက် ရဟန်းနှင့်မာတုဂါမ နှစ်ဦးတို့ ငြိစွန်းမိလေသယောင် သတင်းဆိုးကို လွှင့်လေရာ ထိုရဟန်းအား ဆည်းကပ် ကိုးကွယ်ကြသော ဒါယကာ၊ ဒါယိကာမတို့ စိတ်မကောင်းကြီးစွာဖြစ်ရလေသည်။ ထို့နောက် အကျိုးအကြောင်း တစ်စုံတစ်ရာအမှန်ကို သိလိုကြခြင်းကြောင့် ရဟန်းထံချဉ်းကပ်၍ လျှောက်ထားမေးမြန်းရာ ရဟန်းမှာ ရှည်ရှည်ဝေးဝေး ရှင်းပြခြင်း မပြုတော့ဘဲ လာရောက်စုံစမ်းကြသူများအား မြစ်ဆိပ်သို့ ခေါ်ဆောင်သွားလေသည်။ ထို့နောက် ဧရာဝတီမြစ်ဆိပ်တွင် ဓားသွေးနေသော ဒါယကာ တစ်ဦးထံမှ ဓားမနှင့် ဓားသွေးကျောက်ကို အလှူခံပြီးနောက် "မိမိသည် အကျင့်သီလပျက်ရိုးခြင်း မရှိပါက ဤကျောက်တုံးနှင့်ဓားမသည် ရေသတ္တဝါကဲ့သို့ မြစ်သို့ဆန်ကာကူးနိုင်ပါစေ သတည်း" ဟု သစ္စာဆိုပြီး ပစ်ချလိုက်ရာ ကျောက်တုံးနှင့် ဓားမတို့သည် ရှေ့ဆင့် နောက်ဆင့် မြစ်ကိုဆန်၍ကူးသွားကြသည်ကို အံ့သြဖွယ်ဝမ်းသာတွေ့ကြရသည်ဟု ဆိုချေသည်။



www.burmeseclassic.com

www.burmeseclassic.com


အရှင်ပဏ္ဍိတလည်း ထိုအချိန်မှစ၍ မင်းနှင့် ပြည်သူတို့ ပိုမိုကြည်ညို ကိုးကွယ်ခြင်းခံရလေသည်။ ထိုအကြောင်းကိုပြု၍ သက္ကရာဇ် ၅၅၀ ပြည့်နှစ်တွင် နရပတိစည်သူမင်းကြီးသည် ချောက်ကမ်းပါးတွင် ဥမင်တူး၍ အနုလက်ရာမြောက် လှသော ကျောက်သားကျောက်အုတ်များ အဆင့်ဆင့်စီကာ ကျောက်ကူးဥမင်တည် ဆောက်တော်မူသည်။

ဂူအတွင်းတွင် ပလ္လင်တော်အမြင့် ၆ တောင်၊ အထက်၌ ၁၂ တောင် ညဏ်တော်မြင့်သော ရုပ်ပွားတော်တစ်ဆူရှိသည်။ ဂူနှစ်ဆင့်အထက်၌ ညဏ်တော် (၇) တောင်ရှိသော စေတီတစ်ဆူတည်သည်။ ဂူအတွင်း၌ အလင်းပေါက်ဝင်နိုင်ရန် ဖောက်ထားပုံမှာ ပညာသားပါလှသည်။ အပေါ်ထပ် အလင်းပေါက်မှ တစ်ဆင့် အောက်ဖက်သို့ အလင်းရောက်ရန် စီမံထားသည်။ အပေါ်ထပ် လိုင်ပတ်လမ်းတွင် တစ်ချိန်က ဗုဒ္ဓရုပ်ပွားတော်များ ဇာတ်ရုပ်တော်များထားရှိသည့် နေရာများ ကွက်လပ်ဖြစ်၍ ကျန်နေခဲ့သည်။ လယ်ထွန်မင်္ဂလာပုံများ၊ မုစလိန္ဒာတွင် သတ္တာဟ စံတော်မူပုံ၊ ဒုက္ကရစရိယာကျင့်စဉ် နတ်တို့က ဘုရားအလောင်းတော်အား နားရွက်မှ ဩဇာသွင်းပုံများနှင့် နံရံတွင် ပုဂံခေတ်ပန်းချီများ လက်ကျန်ရှိနေသေးသည်။

**မာတုဂါမနှင့်ငါ**
**ဘာတစ်ခုရယ်မှ မမှား**
**ယောဒီဓားနှင့် ဓားသွေးကျောက်**
**ငါ့သီလကို ထောက်ခံရင်**
**မြစ်ပြင်မှာ ရေကူး**
**ထူးခြားအောင် ပြပါလေဟု**
**အဓိဋ္ဌာန်ပြု သစ္စာဆိုပြီး**
**ရောဝတီရေစီးပေါ်မှာ ဓားကိုတင်**
**ရေဆန်ကိုတွင်တွင် ကူးပြစေခဲ့တယ်**
**"ဓားမရေကူး"**
**စည်သူမင်းကြီး ဖူးခဲ့တဲ့**
**ညွတ်နူးမှု သဒ္ဓါ**
**တရားရယ်လို့ ရှာချင်ရင်**
**လာခဲ့ဖို့ကောင်းတဲ့ နေရာတစ်ခု . . .။**

www.burmeseclassic.com

www.burmeseclassic.com





ဂူပြောက်ကြီး (ဝက်ကြီးအင်း)
(၂၉၈/၁၉၇ က)

ညောင်ဦး၊ ပုဂံသို့သွားသော အနော်ရထာလမ်း၏ ညာဘက်တွင်ရှိပြီး ဝက်ကြီးအင်းရွာမ အရှေ့တောင် ၂ ဖာလုံအကွာတွင် ရှိသည်။


ဝက်ကြီးအင်းတွင် ဂူပြောက်ကြီး၊ ဂူပြောက်ငယ်ဟူ၍ နှစ်ဆူရှိရာ ယခု ဘုရားအမှတ် (၂၉၈/၁၉၇-က) ဂူပြောက်ကြီးမှာ ကမ္ဘာကျော် ပုဂံခေတ်ပန်းချီ လက်ရာများကျန်ရှိနေသေး၍ နိုင်ငံခြားသားများနှင့် မြန်မာဘုရားဖူးများလာရောက် သူများပြားသည်။ ကောင်းမှုတော်အရှင်မှာကျန်စစ်မင်းကြီးဟု ခန့်မှန်းသည်။ ဒေါက်တာ နိုင်ပန်းလှကမူ နရပတိစည်သူဖြစ်နိုင်သည်ဟု ခန့်မှန်းသည်။ သက္ကရာဇ်

www.burmeseclassic.com

www.burmeseclassic.com



(၄၅၀)က တည်ခဲ့သည်ဟု ဆိုသည်။ ဘုရားအတွင်းနံရံတွင် (၁၃)ရာစုလက်ရာ နှစ်ကျိပ်ရှစ်ဆူဘုရား၊ ဗုဒ္ဓဝင်ဖြစ်စဉ် ငါးရာ့ငါးဆယ်နှင့် အမိုးကပ်ခြေတော်ရာနှစ်ဆူ၊ ဆေးရေးရုပ်များရှိပြီး ၎င်းအောက်ခြေတွင် ပါဠိ၊ မြန်မာတွဲ၍ရေးထားသော ရှေးဟောင်းစာပန်းချီ ဇာတ်နိပါတ်များကို အလင်းရောင်ကောင်းစွာဖြင့်ဖတ်ရှုရသည်။ ပို၍ စိတ်ဝင်စားစရာကောင်းသည်ကား ၁၈၉၉ ခုနှစ်ကာလ ဤဘုရားမှ ရှေးဟောင်း အနုပညာ အမွေများအခိုးခံရခြင်းဖြစ်သည်။ ဂျာမန်လူမျိုး ဒေါက်တာအမည်ခံအတု အလိမ်အညာသမား ထော်မန် (THO-MANN) ဆိုသောသူသည် ဟမ်ဘုဂ်လူမျိုး ရိုးပြတိုက်(Hamburg Ethnographical Museum) အတွက် ပုဂံသို့လာရောက်သောင်း ကျန်းသွားဖူးသည်။ ထော်မန်သည် ယခုဝက်ကြီးအင်း ဂူပြောက်ကြီးအာရုံခံတန်ဆောင်း အတွင်းမှ ပန်းချီကားဇာတ်ကွက်များအား သတင်းစာအဟောင်း ၁၈၉၉ ခုနှစ်၊ မတ်လ၊ (၁၈) ရက် (Evening Time Glasgow)နှင့်ကပ်ပြီး လွှနှင့်ဖြတ်ယူသည်။ ၎င်းတို့ကို မြင်းခြံခရိုင်ဝန် မစ္စတာဗာထရန်ကာရေး၊ ပုဂံဝန်ထောက် ဦးတင်နှင့် ဖွားစောရွာ သူကြီးဦးထွန်းတို့ အချိန်မီဖမ်းဆီးနိုင်သဖြင့် အဖိုးတန်အနုပညာပစ္စည်းများ တိုင်းတစ်ပါးသို့ မရောက်မီတားဆီးနိုင်ခဲ့သည်။ (ဖမ်းဆီးပစ္စည်းများ ပုဂံပြတိုက်တွင် ပြသထားသည်။) (နိုဝင်ဘာလ (၁၆)ရက်နေ့တွင် မြန်မာနိုင်ငံမှ နှင်ထုတ်ခံရသော ထော်မန်သည် ဝက်ကြီးအင်း ဂူပြောက်ကြီးနံရံ တောင်ဘက်ခြမ်း ဇာတ်နိပါတ်တော် ပန်းချီကွက် (၃၀၀)အားရောင်းချခဲ့ရာ ၁၉၀၆ ခုနှစ်တွင် ဂျာမန်မတ်ငွေ (၆၅၅၅၀) ရသည်ဟုဆိုသည်။ ၎င်းနောက် ၁၉၂၃ ခုနှစ်တွင် အမှား အယွင်းများလှသော ပုဂံအကြောင်းစာအုပ်တစ်အုပ် ထုတ်ဝေလိုက်သေးသည်။)



www.burmeseclassic.com

www.burmeseclassic.com





ညောင်ဦးမှ ပုဂံသို့အသွားတောင်ဘက်အရပ် ကတ္တရာလမ်း၏ ဘယ်ဘက်တွင်ရှိပြီး အေဒီ (၁၃) ရာစုလက်ရာ ဖြစ်သည်။ ကောင်းမှုရှင်မှာ နားတောင်းများမင်းကြီး ဖြစ်သည်။ နရပတိစည်သူမင်းကြီးတွင် ဇေယျသူရ၊ ရာဇသူရ၊ အင်္ဂသူ ပျံချီ၊ ဇေယျသင်္ခဟူသော သားတော်ငါးပါးရှိခဲ့ရာ ဇေယျသင်္ခ၏မယ်တော် မိဖုရားကြီးက

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးလက်တွင် ခူနာပေါက်စဉ် ဤခူနာကိုငုံလျက် သက်သာစေပြီး ပြည်ပေါက်စေသည်၊ ထိုအနာပြည်ကို ထွေးအံ့သောငှာ လက်ကိုချွတ်သော် မင်းကြီးနိုးမည်စိုးသဖြင့် မချွတ်တော့ဘဲ ပြည်ကိုမျိုချလျက် သက်သာစေသည်။ ဤအကြောင်းကို မင်းကြီးသိသောအခါ လိုရာဆုတောင်းပါဟု အခွင့်ပေးလေရာ မိဖုရားကလည်း ရွှေငွေအခြွေအရံမလိုပါ သားတော်ဇေယျသိင်္ခကိုသာလျှင် အိမ်ရှေ့မင်းအရာပေးတော်မူပါဟု နားတော်လျှောက်သည်။ မင်းကြီးလည်း မိမိကတိအတိုင်း ဇေယျသိင်္ခအား အိမ်ရှေ့စံ(နန်းစောင့်)အရာထား၍ ကျန်သားတော်များအား မြို့စားရွာစားများအဖြင့် ပေးသနားတော်မူသည်။ မိဖုရားလည်း အခွင့်သာတိုင်း ဇေယျသိင်္ခအား အိမ်ရှေ့မင်းအရာပေးရန် မကြာခဏ တောင်းဆိုသောကြောင့် နန်းတောင်းများမင်းတွင်သည်ဟု အချို့သမိုင်းဆရာတို့က ဆိုပေသည်။ ထိုဇေယျသိင်္ခ မင်းသားအပေါ်တွင် နောင်တော်လေးပါးကလည်း ချစ်ခင်ကြင်နာကြပြီး ဇေယျသိင်္ခကလည်း နေ့စဉ် နောင်တော်များထံ တစ်ဦးချင်းစီထံ၌ ဝတ်ပြုခစားလေ့ရှိရာ နောင်တော်တို့က နောက်သော်တစ်စု တစ်ရုံးတည်း ကန်တော့ခံတော်မူလေသည်။ ထိုအချိန်မှစ၍ မင်းလေးပါးစုရုံးရာဖြစ်သောကြောင့် (ရုံး) ဟူသောအမည်နှင့် နောင်တော်တို့အား ပူဇော်ရာဌာနဖြစ်သောကြောင့်(လွှတ်)ဟူသောအမည်သည်ငှင်း ပေါ်ပေါက်လာခဲ့ရသည်ဟု ဆိုသည်။

နရပတိစည်သူမင်းကြီးလည်း သားတော် ငါးပါးစလုံး ဝိုင်းဝန်းနေစေ၍ အလယ်တွင် ထီးဖြူ တစ်စင်းစိုက်ကာ ထီးဖြူညွှတ်သောသူအား နန်းလျာထားမည်ဟု သစ္စာအဓိဋ္ဌာန်ပြု၍လွှတ်ရာ ထီးဖြူသည် ဇေယျသိင်္ခမင်းသားဘက်သို့ ညွှတ်ကျ သည်။ ထိုအကြောင်းကိုယူ၍ (ထီးလိုမင်းလို)ဟု အမိပွါယ်ဖွင့်ဆိုကြသည်။ သက္ကရာဇ် ၅၇၅ ခုနှစ် နရပတိစည်သူမင်းကြီး နတ်ရွာစံသော် ဇေယျသိင်္ခမင်းသား မင်းအဖြစ်ကို ရသည်။ ၎င်းထီးဖြူစိုက်လဲရာအရပ်တွင် ကောင်းမှုတော်အဖြစ် ထီးလိုမင်းလိုဘုရား၊ တိလောကမင်္ဂလာ (သုံးလောကကျက်သရေဆောင်) ဘုရားကြီးကို သက္ကရာဇ် ၅၆၉ ခုနှစ် တန်ခူးလဆန်း (၁၅)ရက် ကြာသပတေးနေ့တွင် တည်တော်မူသည်။ ၎င်းဂူ သုံးဆင့်တွင် အလယ်လိုဏ်ဂူမှာ လျှို့ဝှက်မှောင်ပတ်လမ်း ဖြစ်သည်။ ကြောင်လိမ် လှေကားထိပ်ရှိ လျှို့ဝှက်ပေါက်မှတစ်ဆင့်သွားရသည်။ သဲကျောက်ဂူ တွင် တန်ဆာ

www.burmeseclassic.com

www.burmeseclassic.com



ဆင်ထားသော အဝါရောင်၊ အစိမ်းရောင်၊ စဥ့်သုတ်သဲကျောက်ပြားများကြောင့် နေရောင်၌ တဖိတ်ဖိတ်တောက်ပပြီး ပန်းတော့ခေါ် အင်္ဂတေပန်းလက်ရာများ အထူးကောင်းမွန်သောဘုရားဖြစ်သည်။

စကြံန်ပတ်လမ်း မျက်နှာကျက်တွင် နံရံပန်းချီဇာတာခွင်များနှင့် မင်စာများ မူလက်ရာကျန်သေးသည်။ အပေါ်လိုဏ်ဂူတွင် ဗုဒ္ဓရုပ်ပွားဆင်းတုလေးဆူ အောက်ထပ်လိုဏ်ဂူတွင် ဗုဒ္ဓရုပ်ပွားတော် ဆင်းတုလေးဆူရှိပြီး ကျောက်ဆင်းတု ရုပ်ပွားများ ထားရာ မုခ်ကပ် အခန်းပေါင်း (၂၂) ခုရှိသည်။ ဆင်းတုတော်အများစုမှာ ခေတ်အဆက်ဆက် ပြုပြင်သွားခဲ့ဖူးသည်။ ၁၉၇၅ ခုနှစ် ငလျင်လှုပ်စဥ် ပြိုကျရာ ကွမ်းဆောင်အတွင်းမှရသော ကြေးကြုတ်၊ ရွှေကြုတ်၊ ငွေကြုတ်၊ ဖန်ကြုတ်များ ယခု ပုဂံပြတိုက်အတွင်း၌ ပြသထားသည်။

***အလယ်ဗဟိုထီးဖြူစိုက်***
***သားငါးပါးထဲက နန်းစံထိုက်သူကို***
***နရပတိစည်သူမင်းကြီးက ရွေးခဲ့တာ***
***အာဏာနဲ့ သွေးချောင်းလွှမ်း***
***ပုဂံခေတ်ဇာတ်ကြမ်းထဲမှာတော့***
***ခတ်ဆန်းဆန်း ဘုရားတစ်ဆူပေါ်***
***ထီးလိုမင်းလို ခေါ်သတဲ့ . . .။***



www.burmeseclassic.com

www.burmeseclassic.com




ညောင်ဦးမှ ပုဂံသို့အသွား ကတ္တရာလမ်း၏ ညာဘက်တွင်ရှိပြီး ထီးလိုမင်းလိုဘုရားကြီး၏ အနောက်မြောက်ဘက်တွင်ရှိသည်။ ဥပါလိမထေရ်သမုတ်သောသိမ်ဖြစ်သောကြောင့် ဥပါလိသိမ်ဟုခေါ်သည်။ ထိုဥပါလိမှာ နားတောင်းများမင်းနှင့်ကျစွာမင်းထိ မင်းနှစ်ဆက်မီခဲ့သည်။ ထိုသိမ်အတွင်းရှိ ပန်းချီလက်ရာများမှာ ပုဂံခေတ်ပန်းချီလက်ရာများမဟုတ်တော့ဘဲ အင်းဝခေတ်လက်ရာများဖြစ်ပြီး အရောင်အသွေးတောက်ပြောင်ခဲ့သည်။ ၁၇၈၂-၁၈၁၉ ပဒုံမင်းမှ မင်းမိန့်ဖြင့် နံရံများအား ထုံးသုတ်ပြီး ပန်းချီဆေးအသစ်ရေးစေသည်။ ပန်းချီရေးခ ငွေတစ်ပိဿာနှင့်ကျပ်နှစ်ဆယ်ကုန်သည် ဟုဆိုသည်။ ၁၇၉၄ မတ်လ (၄)ရက်နေ့တွင် ဆေးရေးပြီးတစ်နှစ်အတွင်းပြီးမြောက်ကြောင်း ဥပါလိသိမ်၏အပြင် မြောက်ဘက်ဂူဝတွင်နံရံမင်စာရှိသည်။ ဂူနံရံအင်္ဂတေပေါ်တွင် နောက်ထပ်ရေးခဲ့သော ပန်းချီမင်စာများမှာ ၁၉၇၅ ဇူလိုင်လ (၈)ရက်နေ့တွင်လှုပ်ခဲ့သောပုဂံငလျင်ကြောင့် အားလုံးကွာကျပျက်စီးဆုံးရှုံးသွားခဲ့ရသည်။ သိမ်အဆောက်အအုံတွင် အုတ်နှင့် ပြုလုပ်သောပန်းတောင်ပန်းခက်များ လှပမှုကြောင့် နာမည်ကျော်သည်။

www.burmeseclassic.com

www.burmeseclassic.com



# အလိုတော်ပြည့်ဘုရား
(၃၇၄/ ၂၂၈)

ဝက်ကြီးအင်းချောင်းအလွန် အနော်ရထာလမ်းမကြီး၏ ညာဘက် (မြောက်)တွင်ရှိပြီး အေဒီ (၁၁)ရာစုခေတ် ကျန်စစ်မင်းကြီး၏ ကောင်းမှုတော် ဖြစ်သည်။

အရှေ့ဘက်လှည့် ဂူဘုရားတစ်ဆူဖြစ်ပြီး အတွင်း အလယ်မဏ္ဍိုင်တွင် ဆရာတော် အရိယဝံသ (အလိုတော်ပြည့်ဆရာတော်) ကောင်းမှု မူလပုံတော်တူ ဗုဒ္ဓဆင်းတုတော်လေးဆူရှိသည်။ (မူလ ဗုဒ္ဓဆင်းတု တစ်ဆူမှာ ပုဂံပြတိုက်တွင် ရှိသည်) နံရံတွင် ဆေးရေးပန်းချီများရှိပြီး ပစ္စယံခံ၍ စေတီပေါက်ထားပြီး ထောင့်လေးထောင့်တွင် စေတီလေးဆူရှိသည်။ အုတ်ဇာပြူတင်းပေါက် (၂၁) ပေါက်ရှိပြီး ဘုရားမုခ်ဦး အဝင်နံရံတွင် သင်္ကြီးတေတ်သင် (ဘုန်းကြီး)က ဤဘုရားကို ထပ်မံပြုပြင်ရကြောင်း ရေးထားသည်။ မင်းစာ (၁၆)ကြောင်း ကျန်ရှိခဲ့ရာ ထိုမင်းစာတွင် (အလိုဝ်ပြည့်)ဟု ပါရှိသည်။

www.burmeseclassic.com


www.burmeseclassic.com


အလိုဝ်ပြည့်တွင်ရပုံအကြောင်းကား တစ်ခါသော် ကျန်စစ်သားစစ်သူကြီးမှာ အနော်ရထာမင်းကြီး၏ စေလွှတ်ချက်အရ ရန်သူအားနှိမ်နင်းရန် ပုဂံမှထွက်ခွာခဲ့ရ၏။ ထိုသို့ ထွက်ခွာလာရာ ပုံဂံနှင့် တစ်မိုင်ခန့်အကွာ ကုန်းငယ်လေးတစ်ခုပေါ်အရောက်၌ ထူးဆန်းသောဖြစ်ရပ် (၃)ခုနှင့် ကြုံခဲ့ရသည်။ ထိုအဖြစ်ကား စိတ်လေးလံထိုင်းမှိုင်းလာခြင်း၊ မူးဝေခြင်း၊ စစ်ဖြစ်ရန် မလိုလားခြင်းတို့ ဖြစ်သည်။ ထိုအခါ ကျန်စစ်သားစစ်သူကြီးက ဤနေရာ ဤဒေသသည် မိမိအတွက် ထူးကဲလွန်မြတ်သောအလိုဆန္ဒပြည့်စေနိုင်သော အောင်မြေအမှန်ဖြစ်တန်သောကြောင့် နတ်ကောင်းနတ်မြတ်များမှ မိမိအား ဤကဲ့သို့ မဖြစ်စဖူးထူးကဲသောဖြစ်ရပ်တို့အား ဖြစ်စေတန်ရာသည်လို့ ယူဆခဲ့သည်။ ထို့နောက် ဘုရားရှင်၏ဂုဏ်တော်(၉)ပါးအား အာရုံပြုဆု(၃)ဆုတောင်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



(၁) ပုဂံနေပြည်တော်မှ စစ်သည်တော် အမြောက်အများနှင့် စစ်သူကြီးများ၊ လူစွမ်းကောင်းများ စစ်ချီလာကြောင်း သတင်းစကားကြားရရုံမျှဖြင့် တစ်ဖက်ရန်သူ စစ်သည်တို့ ရင်မဆိုင်ဘဲ ဆုတ်ခွာ ပြေးစေပါသတည်း။

(၂) ရန်အပေါင်းမှ အေးငြိမ်းလွတ်မြောက်ရပါစေသတည်း။

(၃) ပုဂံနေပြည်တော်၌ ရွှေထီးဆောင်း ဘုရင်ဧကရာဇ်ဖြစ်သည့် တိုင်အောင် ခက်ခဲနက်နဲသော ပြဿနာဟူသမျှတို့ကို လွယ်ကူစွာကျော်လွှားဖြတ်သန်းနိုင်ပြီး အလိုဆန္ဒဟူသမျှ ပြည့်ဝရပါစေသတည်း။

www.burmeseclassic.com

www.burmeseclassic.com


ထိုသို့ဆုတောင်းပြီး သစ္စာအဓိဋ္ဌာန်ပြုသည်မှာ အထက်ပါ တောင်းသောဆု (၃)ဆုပြည့်စုံ၍ ပုဂံနေပြည်တော်တွင် ဘုရင်ဧကရာဇ်ဖြစ်သည့်အခါ မိမိနှင့်တကွ တိုင်းသူပြည်သားအားလုံးပူဇော်နိုင်ရန် ဘုရားတစ်ဆူတည်ထားကိုးကွယ်ပါမည်ဟူ၏။

ထို့ကြောင့် ကျန်စစ်မင်းကြီးမှာ မိမိ၏ဆုတောင်းပြည့်သဖြင့် ယခု အလိုဝ်ပြည့် (အလိုတော်ပြည့်) ဘုရားတစ်ဆူ တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်သည်။

နောင်နှစ် (၁၀၀) ကြာသောအခါ အပျက်အစီးဖြစ်လာ၍ သင်ကြီး ငတုတ်သင်က ပြင်ဆင်ရာ ကောဇာသက္ကရာဇ် (၅၅၆) ခုနှစ်၊ နယုန် လဆန်း (၁၁) ရက်နေ့တွင် ပြီးစီးသည်ဟု မင်စာရေး ထိုးထားခဲ့သည်။

သို့သော် အလိုတော်ပြည့်ဘုရားမှာ နှစ်ပေါင်း (၈၀၀) ကျော် ကြာလာသော အခါ သဘာဝဒဏ်၊ မြေငလျင်ဒဏ်၊ မသမာသူတို့ ဖျက်ဆီးမှုဒဏ်ခံရပြီး ပြုပြင် မွမ်းမံသူ မရှိတော့ဘဲ ခြုံနွယ်ပိတ်ပေါင်းတို့အောက်ဝယ် မထင်မရှားအသွင်ဖြင့် ပျောက်ကွယ်ခဲ့ရသည်။ ၁၉၇၅ ခု ငလျင်ဒဏ်ဖြင့် အလိုတော်ပြည့်ဘုရား ပျက်စီးမှု အား ရှေးဟောင်းသုတေသနမှ ဖော်ထုတ်ပြင်ဆင်ခဲ့ပြီးသော်လည်း လူသူအရောက် အပေါက်နည်းခဲ့သည်။ ၁၃၄၉ ခုနှစ် တပေါင်းလပြည့်နေ့တွင် ဆရာတော် အရိယဝံသသည် ရခိုင်မှ ပုဂံသို့ကြွခဲ့ပြီး ထိုအလိုတော်ပြည့် ဘုရားဂူဟောင်းအတွင်း၌ ဝင်၍ မေတ္တာပို့ခြင်း၊ အဓိဋ္ဌာန်ပုတီးစိတ်ခြင်း၊ တရားဘာဝနာရှုမှတ်ခြင်းများကို (၆) နှစ် တိုင်တိုင် ပြုလုပ်ခဲ့ရာ ၁၃၅၄ ခု၊ နတ်တော်လဆန်း (၈) ရက်နေ့တွင် ဆရာတော်၏ အဓိဋ္ဌာန်ပြီးစီးအောင်မြင်သည်။ ဆရာတော် အရိယဝံသ၏ ဖော်ထုတ် ချက်အရ အလိုတော်ပြည့်ဘုရားမှာလည်း ထင်ရှားလာပြီး ဆရာတော်လည်း အလိုတော်ပြည့် ဆရာတော် ဖြစ်လာသည်။ နတ်ကောင်း နတ်မြတ်များပေးသော အိပ်မက်အရ အလိုဆန္ဒပြည့်ဝစေနိုင်သော လုပ်ငန်းစဉ် (၆)ခုရှိရာ အလိုတော်ပြည့် ဘုရားသို့ အလိုဆန္ဒ ပြည့်ဝစေခြင်းငှာ အဓိဋ္ဌာန်ပြုလာရောက်ဆုတောင်းသူများအား ဆရာတော်မှ ထိုအဓိဋ္ဌာန်ဆုတောင်းနည်းကို ညွှန်ကြားပြသပေးထားလေသည်။

(၁) သစ်သီးကိုးမျိုး၊ ပန်းကိုးမျိုး၊ ဆွမ်းကိုးခွက်၊ ရေကိုးခွက်၊ ဖယောင်းတိုင် ကိုးတိုင် တို့ကို ဘုရားရှင်အား စေတနာသဒ္ဓါတရား ထက်သန်စွာ ကပ်လှူပူဇော်ပါ။ (ရှောက်သီး၊ သံပုရာသီး၊ စပျစ်သီး၊ ဗာလကာ သီးမပါရ)

www.burmeseclassic.com

www.burmeseclassic.com

(၂) အလိုတော်ပြည့်ဘုရားရှိခိုးဂါထာတော်ကို လေးလေးနက်နက် ရွတ်ဆို၍ ဘုရားရှိခိုးပါ။
(၃) ငါးပါးသီလခံယူဆောက်တည်ပါ။
(၄) ဂုဏ်တော်ကိုးပါးကို ပုတီးကိုးပတ်စိတ်ပါ။
(၅) တစ်ခုတည်းသော ဆုတစ်ဆုကိုသာ ဆန္ဒပြင်းပြစွာဖြင့် တောင်းပါ။
(၆) ဘုရားကိုစောင့်ရှောက်သော ပုဂ္ဂိုလ်အပေါင်းနှင့် တကွ သတ္တဝါအနန္တတို့အား မိမိပြုသမျှသော ကုသိုလ် ကောင်းမှုတို့ကို အမျှဝေပါ။

နှစ်စဉ်အလိုတော်ပြည့် အဓိဋ္ဌာန်ပွဲအား နတ်တော်လပြည့်နေ့ နံနက်တွင် ကျင်းပလျက်ရှိပြီး ဗုဒ္ဓပူဇနိယပွဲတော်ကိုလည်း တစ်ဆက်တည်း စည်ကားသိုက်မြိုက်စွာကျင်းပလေ့ရှိသည်။

အလိုတော်ပြည့်ဘုရားအနီးတွင် စဥ့်ဘုရား၊ သမ္ဗုဒ္ဓေဘုရားနှင့် အနောက်လိုဏ်ရှည်၊ အရှေ့လိုဏ်ရှည် ဘုရားများ ဖူးတွေ့နိုင်သည်။ အရှေ့လိုဏ်ရှည် ဘုရားတွင် ဘုရားပေါ်တက်ရန် လှေခါးရှိသည်။

*တောင်ပုံရာပုံ ကြွဲတိုင်းစုံ*
*ဂုဏ်မည် ထင်ပေါ်ကြပါစေ*
*မျှော်ရတာတွေ ပေါ်ကြပါစေ*
*တော်ကြတာတွေ ကျော်ကြပါစေ*
*ပျော်ရတာတွေ မော်ကြပါစေ*
*လူတိုင်းလူတိုင်း*
*အလိုတော်ပြည့်ပါစေ . . .။*

+++++

www.burmeseclassic.com

www.burmeseclassic.com




သရပါတံခါးပေါက်မှ ဝင်ပြီး ဘယ်ဘက် သို့ ချိုးလျှင် အေဒီ (၁၁) ရာစု အနော်ရထာမင်းကြီး တည်ထားခဲ့သော ပိဋကတ်တိုက်ကိုတွေ့ရသည်။

နှစ်ကျိပ်ရှစ်ဆူဘုရားဆိုင်ရာ ဗုဒ္ဓဝင်အကြောင်းအရာ ကမ္ပည်းစာရေးထိုးထားသည်။ အနော်ရထာမင်း သိမ်သမုတ်ပုံပန်းချီရှိသည်။ သုဝဏ္ဏ ဘူမိသထုံပြည်မှ ဆင်အစီး (၃၀) ဖြင့် ပင့်ဆောင်ခဲ့သော ပိဋကတ်တော်များထားရန်အတွက် တည်ဆောက်ခဲ့သော ပုဂံခေတ်လက်ရာ အဆောက်အအုံဖြစ်သည်။ သို့သော် အမရပူရ ဘိုးတော်ဘုရား လက်ထက်ပြင်ဆင်မှုများ ရှိခဲ့ပြီး ကုန်းဘောင်ခေတ်လယ် အုတ်ပြာသာဒ်မျိုးဖြစ်လာပြီး အရှေ့မျက်နှာတွင် လှေကား(၃)စင်းချထားပြီး မှည်အုတ် အဝန်းအဝိုင်းအတိုင်းပင်ရှိသည်။ ပုဂံခေတ်လက်ရာ ကျောက်ကွင်း (လေသာပြူတင်း)

www.burmeseclassic.com

www.burmeseclassic.com


(၃)ခုကို အရှေ့ဘက်၊ တောင်ဘက်နှင့် မြောက်ဘက်တွင် တွေ့ရသည်။ ယခုအခါ အမိုး မိုးရေယိုပေါက်မှု ကာကွယ်ရန် အင်္ဂတေဖြင့် အချောကိုင်ထားသည်။

ပုဂံတွင် ပိဋကတ်တိုက်နှစ်တိုက်ရှိခဲ့ရာ ကျန်စစ်သားတည်သော တုရင်းတောင်ခြေ မြကန်အနီးရှိ စက္ကူတိုက် (၁) ကျော်ပိဋကတ်တိုက်မှာ ၁၉၅၇ ခုနှစ်တွင် P.W.D မှ ကျောက်ပန်းတောင်း - ပုဂံညောင်ဦးသွား ကားလမ်းခင်းရာတွင် ဖြိုဖျက်အသုံးပြုလိုက်သဖြင့် အဖိုးတန် ရှေးဟောင်းအဆောက်အအုံတစ်ခု ဆုံးရှုံးလိုက်ရသည်။

ငှင်းပိဋကတ်တိုက်၏အနီး ရွှေဂူကြီးနှင့် သဗ္ဗညုဘုရားသွားလမ်းတွင် သံတော်ကြားဘုရားအား ဝင်ရောက်ဖူးမြော်နိုင်သည်။ သံတော်ကြားဘုရားမှာ နန်းတွင်းမှ မင်းကြီး၏ အမိန့်ချအသံများကြားနေရသောနေရာတွင် ပုပ္ပားတောင်မှ ချော်ကျောက်အုတ်များဖြင့် တည်ထားခြင်းဖြစ်ပြီး အလျှုရှင်မှာ နရသီဟပတေ့ဖြစ်၍ ထူးခြားသောဘုရားတစ်ဆူဖြစ်သည်။




www.burmeseclassic.com

www.burmeseclassic.com







သရပါတံခါးမှအဝင် ပိဋကတ်တိုက်လမ်းမှ ဇရပ်ရွှေဂူကြီးဘုရားသွားလမ်းမှလည်းကောင်း၊ မီးမလောင်ကျောင်းလမ်းမှလည်းကောင်း အတွင်းသို့ဝင်လျှင် မိုးထိလု သဗ္ဗညုဘုရားကြီးအား ဖူးမြော်နိုင်သည်။ ရင်ထဲမှာ ကြည်နူးမှုဖြစ်စေကာ ဘုရားဒါယကာ အလောင်းစည်သူကောင်းမှုတော် ဘုရားနှစ်ဆူအနက် ပုဗ္ဗာရုံကျောင်းပန္နက်၊ ပုဂံမြေထက်တွင် ဦးခိုက်ထားသည့် သဗ္ဗညုဘုရားကြီးဖြစ်သည်။ အာနန္ဒာဘုရား၏ အနောက်တောင် တစ်ဖာလုံခန့်အကွာတွင်ရှိသည်။

သက္ကရာဇ် ၄၈၄ ခုနှစ်တွင် နန်းတက်သော အလောင်းစည်သူမင်းကြီး နန်းစံသက် (၁၁) နှစ်တွင်တည်သောဘုရားဖြစ်သည်။ မင်းကြီးသည် သာဝတ္ထိပြည်၏ အရှေ့မျက်နှာ ဝိသာခါကျောင်းအမကြီးလှူခဲ့သော ပုဗ္ဗာရုံကျောင်းတော် သဏ္ဌာန် စေတီတစ်ဆူ တည်လိုသောဆန္ဒဖြစ်သဖြင့် ရှင်အရဟံ၊ စိမ်းညက်မင်းသားတော် မဟာထေရ်၊ ရှင်အာနန္ဒာတို့ အမှူးထား၍ ပညာရှိသံဃာတော်၊ မှူးမတ်တို့နှင့် တိုင်ပင်ကာ ထုမှာဓမ္မရုံ၊ ဉာဏ်မှာသဗ္ဗညု ၊ အနုအာနန္ဒာဟုတွင်သောအားဖြင့် ဖိနပ်တော်မှ ငှက်မျက်နားထိ ၂၀၁ ပေရှိသော သဗ္ဗညုစေတီတော်ကြီးကို တည်ထား

www.burmeseclassic.com

www.burmeseclassic.com





ကိုးကွယ် တော်မူခဲ့သည်။ သဗ္ဗညုဂူဘုရားကြီး အမည်မှာ မူလအမည်ပင်ဖြစ်ပြီး ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်၏ သဘောအဓိပ္ပါယ် ပင်ဖြစ်သည်။ ဘုရားကြီးတွင် စကြံန်လိုဏ်ပတ် လမ်း နှင့် လေးဆင့်ပါသော ဝတ်ပြုရန်စေတီ ဝိဟာရ (စာသင်ကျောင်း) နှင့် ပိဋကတ်တိုက် အဖြစ်ပါ ပေါင်းစပ်တည်ဆောက်ထားပြီး ပစ္စယာ (၇)ဆင့်ရှိသည့် အရှေ့လှည့် ဘုရားကြီး ဖြစ်သည်။

အပေါ်ဆင့် ဆင်းတုကြီးရှိရာ နံရံများသည် အုတ်များ ဒေါင်လိုက်တစ်ကန့် အလျားလိုက်တစ်ကန့် တစ်လှည့်စီစီထား၍ ထောင့်တိုင်းတွင် ကျောက်များကို ကျင်တွယ်ပုံထွင်း၍ ကြံ့ခိုင်အောင်ထည့်သွင်းထားသည်။ ပေါင်းကူးတိုင်းတွင် သဲကျောက်များ ညှပ်၍စီထားသည်။ နံရံဆေးရေးပန်းချီနှင့် မျက်နှာကျက်တွင် ခြေတော်ရာတစ်စုံရှိသည်။

ဘုရားကြီး၏ အရှေ့မြောက်ဘက်တွင် (ဂရို့ချိုး) အုတ် (အရေအတွက် သတ်မှတ်) စေတီပေါက်တစ်ဆူရှိသည်။ ဘုရားကြီးကိုတည်ရာ၌ အုတ်တစ်ဖိုလျှင် အုတ်တစ်ချပ်ကျ ဂရို့ချိုးထားပြီး ၎င်းအုတ်များဖြင့် ဘုရားတစ်ဆူတည်ကြခြင်းဖြစ် သည်။ အရှေ့တောင်ဘက်တွင်လည်း အလောင်းစည်သူမင်းကြီး၏ ကောင်းမှုတော် ကြေးခေါင်းလောင်းတော်ကြီး ချိတ်ခဲ့သည့် ကျောက်တိုင်ဟောင်းတိုင်ကြီးနှစ်တိုင်



ယခုတိုင်ကြွင်းကျန်လျက်ရှိသည်။ ခေါင်း လောင်းကြီးမှာ ကြေးစင်တစ်သောင်းရှိသည် ဟုဆိုပြီး အရွယ်ပမာဏမှာ မင်းကွန်းခေါင်း လောင်းကြီးထက် ကြီးနိုင်ပေသည်။ သဗ္ဗညု ဘုရားကြီးပတ်ဝန်းကျင်တွင် ဗြဟ္မဏဝါဒနှင့် နွယ်သော ပုဂံခေတ်ဦး တောင်သူကြီးမင်း လက်ထက်တွင်တည်ထားသည့် နတ်ကွဲနား တောင်း၊ ပုထိုးသားများ နှင့် နတ်လှောင်း ကျောင်း စသည့်ဘုရားများကိုတွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com




# ဗျာဒိတ်ပေးဘုရားများ

ပုဂံပြတိုက်၏ ရှေ့မီးမလောင်ကျောင်းအစုဖြစ်သည်။ မြတ်စွာဘုရား ဝါတော် (၃၅)ဝါ သက်တော် (၇၀)အရောက်တွင် ဒေသစာရီကြွချီရာ ယခုပုဂံမြို့၏ အနောက်ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်း ဟိရညကခေါ်သည့် တန့်ကြည့်တောင်သို့ ရောက်တော်မူသည်။ ထို့နောက်တောင်တော်ဦးတွင်ရပ်တော်မူ၍ အရှေ့ဘက်ကမ်းဆီလှမ်းမျှော်ကြည့်သောအခါ ရေကန်နှင့် ပေါက်ပင်၊ ဗျိုင်းဖြူ ကျီးညို၊ ဖွတ်ပြိတ္တာလျှာနှစ်ခွနှင့် ပေါက်ပင်ရင်းတွင် ဖားသူငယ်ဝပ်နေသည်ကို မြင်တော်ပြီး ပြုံးတော်မူသည်။ ထိုသို့ပြုံးတော်မူရင်း ညီတော်အာနန္ဒာမှ လျှောက်ထားမေးမြန်းသောအခါ ထိုအရပ်၌ ပေါက်ပင်နှင့် ရေကန်ရှိနေခြင်းကား ကျုံးသုံးတန်ပိုင်း ပတ်သော ပေါက္ကံပြည်ဖြစ်ပေါ်လတ္တံ၊ ထိုပြည်ကြီး၌ မင်းဆက်ငါးဆယ့်ငါးဆက် စိုးစံလိမ့်မည်။ ပေါက်ပင်အဖျား၌ ဥဗျိုင်းနှင့် ကျီးညို ခိုနား နေခြင်းကား တိုင်းသူပြည်သားများ အလှူဒါန ၊ သီလသမာဓိ ဖြူစင်ကြပြီး ငါဘုရားသာသနာ ရောင်ကို စည်ပင်ပျံ့ပွားအောင်ချီးမြှောက်ကြလိမ့်မည်။ ငါဘုရား၏ ဓာတ်တော် မွေတော် စွယ်တော် စသည်တို့ကိုလည်း စေတီပုထိုးများ အံ့ဖွယ်ကောင်းလှအောင်

www.burmeseclassic.com


www.burmeseclassic.com

တည်ထားကိုးကွယ်ကြ လိမ့်မည်။ ထို့အတူ ငါဘုရားသာသနာတော်အားဖျက်ဆီးမည့် ဒုဿီလ ခေါ် အကျင့် ပျက်များလည်း ရှေးဦးမဆွကပေါ်ထွန်းကြပေဦးမည်။ ပေါက်ပင်၌ ဖွတ်ပြိတ္တာ လျှာနှစ်ခွနှင့်နေသည်အလိုကား ထိုပေါက္ကံပြည်သားတို့မှာ လယ်ယာဖြင့် အသက် မွေးဝမ်းကြောင်းမပြုကြဘဲ ကုန်သည်အလုပ်နှင့်သာ ကြီးပွားချမ်းသာ၍ မုသားမပါ လင်္ကာမချော သစ္စာယိုယွင်းလိမ့်မည်။ ပေါက်ပင်ရင်း၌ ဖားသူငယ်ဝပ်သည့်အလိုကား ပေါက္ကံပြည်သားတို့မှာ အေးချမ်းသာယာစွာ မွေ့လျော်နေထိုင်ရလတ္တံ့ဟု ဗျာဒိတ် တော်ထားခဲ့လေသည်။

ပေါင်ပင်ဘုရား (၁၆၁၄/၉၂၂)
ဗျိုင်းဘုရား (၁၆၀၈/၉၁၆)
ဖွတ်ဘုရား (၁၆၀၉/၉၁၇)
ဖားဘုရား (၁၆၁၀/၉၁၈)

ထိုဗျာဒိတ်ပေးဘုရားများမှာ အဆင်တန်ဆာ သိပ်မပါဘဲ စေတီလုံး ရိုးရိုးများသာ ဖြစ်သည်။ မြတ်စွာဘုရား ဗျာဒိတ်တော် အထိမ်းအမှတ်ဘုရားများသာ ဖြစ်သည်။

ထိုဘုရားများအနီးပတ်ဝန်းကျင်တွင် နှစ်ထပ်ဆင်းတုဘုရား၊ မီးမလောင်ကျောင်း၊ ပုထိုးသားများ၊ နတ်လျောင်းကျောင်းနှင့် ငကျွဲနားတောင်းတို့မှာ ဗြဟ္မဏဝါဒနှင့်နွယ်သော ပုဂံခေတ်ဦး တောင်သူကြီးမင်းလက်ထက်ဘုရားများ ဖြစ်၍ ဝင်ရောက်ကြည့်ရှုလေ့လာသင့်လေသည်။




www.burmeseclassic.com

www.burmeseclassic.com





ဗျာဒိတ်ပေးဘုရားများ




www.burmeseclassic.com

www.burmeseclassic.com





ရွှေဂူကြီး(နန်းဦး)ဘုရား

(၁၅၈၉/၉၀၁-ဓ)

သရပါတံခါးမှအဝင်လမ်း၏ဘယ်ဘက် အောင်မြေကုန်း နန်းတော်ရာ ဟောင်း အလွန်ကုန်းမြင့်ပေါ်တွင် ရွှေဂူကြီး (နန်းဦးဘုရား)ကိုဖူးတွေ့ရသည်။

အလောင်းစည်သူမင်းကြီးသည် သက္ကရာဇ် ၄၇၅ ခုနှစ်၌ ရှင်အရဟံ စိမ်းညက်မင်း သားတော် မဟာထေရ် အရှင်အာနန္ဒာတို့နှင့် တိုင်ပင်၍ ဘုရားရှင်၏ လက်ထက်တော်အခါ အရှင်သာရိပုတြာစီမံသော ဂန္ဓကုဋိတိုက်ပုံသဏ္ဌာန်တူ စေတီဂူကျောင်းကြီးတစ်ဆူတည်တော်မူ၍ ရွှေဂူကြီးဟု သမုတ်တော်မူခဲ့ပြီး နန်းဦး မဟာစေတီကိုလည်း တည်ထားကိုးကွယ်ခဲ့သည်။ အမြင့် ၁၂ ပေ ရှိ အုတ်ခုံမြင့်ကြီး ပေါ်တွင် တည်ထားခဲ့ခြင်းကြောင့် ဘုရားကြီးမှာ မြေမှစုန့်စုန့်ထွက်၍ မို့ပွင့်ကြီးသဖွယ် ထင်မြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပါဠိဘာသာနှင့် ရေးထိုးထားသော ခေတ်ပြိုင်ကျောက်စာနှစ်ချပ်ကို အတွင်းအာရုံခံ၊ မြောက်ဘက်နံရံတွင် မြှုပ်နှံထားသည်။ သက္ကရာဇ် ၅၀၃ ခု ကဆုန်လဆုတ် (၄)ရက် တနင်္ဂနွေနေ့တွင်စတည်တည်ထားပြီး နတ်တော်လဆုတ် ၁၁ ရက် တနင်္လာနေ့တွင် ပြီးစီးကြောင်း (၇) လနှင့် (၇)ရက်ကြာကြောင်းပါရှိသည်။

အပေါ်သို့တက်ရန် အနောက်မြောက်ထောင့်တွင် လှေကားတစ်စင်းနှင့် အုတ်ခုံကြီးပေါ်သို့ တက်ရန် အနောက်မြောက်ထောင့်တွင် ကျောက်လှေကားရှိသည်။

ရွှေဂူဒါယကာ အလောင်းစည်သူမင်းကြီးသည် သက်တော် (၁၀၁)နှစ်နှင့် နန်းသက်(၇၀)တွင် နရသူက ဖခင်အား ၎င်းရွှေဂူကြီးဘုရားအတွင်းသို့ ပို့ထားပြီးနောက် အဝတ်ခေါင်းအုံးတို့ဖြင့် ဖိသတ်သောကြောင့် နတ်ရွာစံခဲ့ရသည်။

မြန်မာသက္ကရာဇ် ၉၁၃ ခုနှစ်တွင် ဘုရင့်နောင်မင်းတရားကြီးသည် ရွှေဂူကြီးဘုရားအား နောင်အရှည်တည်တံ့စေဌာ ဘုရားကြီးအားပြုပြင်ခြင်း၊ မုခ်ပေါက်များတွင် ပန်းပုရုပ်ကြွများ၊ သစ်သားတံခါးကြီးများတပ်ဆင်ခြင်း အလှူဒါနပြုခဲ့၍ ကျောက်စာရေးထိုးထားခဲ့သည်။ အနောက်မုခ်ခုံတွင်ရေးခဲ့သော ပါဠိမင်စာအရမူ ဘုရားကျောင်း တစ်ဆောင်လုံး ၁၇၇၁ ခုနှစ် ဇန်နဝါရီလ ၂၃ ရက် နေ့တွင် အသစ်ဖြစ်အောင် ပြင်ဆင်မွမ်းမံသူမှာ စတုရင်္ဂသူရပင်ဖြစ်သည်။

**ကုန်းမြေမြင့်ဒီမြေ**

**နန်းတော်ဦးနဲ့ ကပ်နေတဲ့ဘုရား**

**ရွှေဂူကြီးဘုရားပေါ် . . .**

**အုတ်လှေကားကြီး တစ်ထစ်ချင်းတက်**

**ရင်ပြင်ကျယ်အထက်လောက်မှာ**

**တံခါးရွက် အဟောင်းကြီးက**

**စိတ်မကောင်းကြီးစွာနဲ့**

**အလောင်းစည်သူနဲ့ နရသူအကြောင်း**

**ပြန်ပြောင်းပြီး ပြောပြနေသလိုပါ . . .။**

www.burmeseclassic.com

www.burmeseclassic.com





# မြို့တံခါးသရပါ
## (၂၁၇၁/၁၄၆၆)

ပုဂံသည် ကုန်းမြင့်တွင်ရှိသော်လည်း ဧရိယာအကျယ်အဝန်း သေးသည်။ အင်အားကောင်းသောရန်သူများကိုခုခံရန် လက်နက်ကိုင်စစ်သည်များ အများကြီး စုထည့်၍မရနိုင်၊ ငဆောင်ချမ်းနှင့် ကောင်းစဉ်၊ ပုဂံတို့အကြားတွင် မည်သည့်ခံတပ်မျှ မရှိဟုဆိုသည်။ ထို့ကြောင့် တရုတ်တို့ရန်မှကာကွယ်ရန် တရုတ်ပြေးမင်းက ဘုရားများဖျက်၍ အုတ်နှင့် ခံတပ်လုပ်သည်။ အုတ်လိုသလောက်ရရန် ၁၂၈၄ ခုနှစ်တွင် စီစဉ်ရသောအခါ ပျူအုတ်များပင် အဖျက်အဆီးခံရသည်။ မြို့ရိုးမှာ ပုဂံပျက်ကာနီးမှ သင့်ရာအုတ်ဆွဲယူပြီး ဆောက်ခဲ့ဟန်ရှိသည်။

ပုဂံမြို့ဟောင်း အရှေ့ဘက်ပုဂံမြို့ရိုး၏ ဗဟိုဖြစ်သော အုတ်နံရံ အပေါက်ဝကြီးမှာ သရပါတံခါး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


ပုဂံမင်း (၃၄) ဆက်မြောက်သော ပျဉ်ပြားမင်းသည် တမ္ပဝတီမြို့တွင် (၃) နှစ် နန်းစံပြီးနောက် တမ္ပဝတီမြို့မှ အနောက်မြောက် တာတစ်ထောင်ကွာ မြစ်ကမ်းဆိပ် နဂါးဆိုင်ရွာတွင် အုတ်မြို့ရိုး သုံးတန် ပိုင်းပတ်ကာရံ၍ စတုတ္ထမြောက် ပုဂံမြို့တော်သစ် တည်ထောင်တော်မူသည်။ ခုနှစ်ကား ၂၁၁ခု ပြာသိုလဆန်း (၆)ရက် ကြာသပတေးနေ့ ၂ ချက်တီးကျော် ၇ ဖဝါး ၁ဗီဇနာတည်း။

ပုဂံ၏ ပထမ အရိမဒ္ဒနာ ဒုတိယ သီရိပစ္စယာ တတိယ တမ္ပဝတီတို့မှာ အုတ်ရိုးကာ မြို့မဟုတ်၊ သစ်တပ်မြို့သာ ဖြစ်ခဲ့သည်။ ယခုအုတ်မြို့ရိုးတွင် အစောင့်နတ်များနှင့် တံခါး (၁၂) ရပ်ရှိခဲ့သော်လည်း အရှေ့မျက်နှာအလယ်ဗဟိုရှိ သရပါ တံခါးတစ်ခုသာလျှင်ကျန်ရှိတော့ပြီး အခြားတံခါးများ ပျောက်ကွယ်ခဲ့ပြီဖြစ်သည်။

အရှေ့မျက်နှာတွင် သရဝတ်တံခါး သရပါတံခါး သရဗေတံခါးဟူ၍ရှိ ထိုတံခါးတို့အမည်မှာ ရှေးမင်းတို့ စစ်တိုက်ရာတွင်သုံးလေ့ရှိသော မြားပစ်နည်း အမည်များကိုယူ၍ မှည့်တွင်ခြင်းဖြစ်သည်။ စတ္တာလီသနိပါတ် သရဘင်္ဂဇာတ်၌ သရဝဿမြားမိုးရွာအောင်ပစ်ခြင်း၊ သရပါသာဒပြာသာဒ်ကဲ့သို့ ရှိအောင်ပစ်ခြင်း၊ သရပါကာရ တံတိုင်းကာသကဲ့သို့ ရှိအောင်ပစ်ခြင်း၊ သရဗေဒိမြားခြင်း မှန်အောင် ပစ်ခြင်း စသည့် မြားပစ်ပုံ (၁၂) မျိုးရှိရာ သရဝါဿမှ သရဝတ်တံခါး သရပါဿဒမှ သရပါတံခါး၊ သရဗေဒိမှ သရဗေတံခါး အမည်များမှည့်ခေါ်သည်ဟု သမိုင်းဆရာတို့ မှတ်တမ်းပြုခဲ့ကြသည်။ ပုဂံမြို့ရိုးတံခါးပေါက် အများမှာ အရှေ့ဘက်၊ တောင်ဘက်၊ မြောက်ဘက်တို့တွင်သာရှိသေးပြီး အနောက်ဘက်မှာမူ မြို့ရိုးတံခါးအရာများ မရှိတော့ပေ။ သို့သော် တောင်မှမြောက်သို့ မကြည်သာတံခါး မင်္ဂလာတံဆိပ်တံခါး၊ သာစည်တံခါးဟူသော အမည်များ ကာလရှည်ကြာစွာ သုံးစွဲလျက်ရှိသည်။ မင်္ဂလာ ဆိပ်တံတားမှာ ရွှေစည်းခုံဘုရားသို့ ဘုရားဖူးကြသော ပုဂံခေတ်နောက်ပိုင်းမင်းတို့ မင်္ဂလာယူထွက်တော်မူသော တံခါးဖြစ်သည်။

| | အရှေ့မျက်နှာ | တံခါးအရပ်နှင့်တံခါးစောင့်နတ်များ |
|---|---|---|
| ၁။ | သရဗေတံခါး | ရွှေပသင်နတ် |
| ၂။ | သရပါတံခါး (ဦးတင့်တယ် မမြတ်လှ) | နတ်မောင်နှမ |
| ၃။ | သရဝတ် | ဖက်မသင်နတ် |

www.burmeseclassic.com

www.burmeseclassic.com

**တောင်မျက်နှာ**

၄။ ကလေးတံခါး — ငါးဆွဲသင်နတ်

၅။ မတောင့်တတံခါး — ဝိရူပက္ခနတ်

၆။ ဝင်ရမနားတံခါး (ဝမ်းမနာ) — ငနွယ်သင်နတ်

**အနောက်မျက်နှာ**

၇။ မကြည်သာတံခါး — မြင်းဖြူရှင်နတ်

၈။ မင်္ဂလာတံဆိပ်တံခါး — ဝိရူဠ္ဍနတ်

၉။ သာစည်တံခါး — ဇမ္ဗူတမွတ်နတ်

**မြောက်မျက်နှာ**

၁၀။ ညောင်ဖြူပင်တံခါး — ဇမ္ဗူရုက္ခနတ်

၁၁။ ငါးမြီးခတ်တံခါး — ကုဝေရနတ်

၁၂။ သာတန်းတံခါး(သာခက်) — ဇမ္ဗူတန်ဆောင်နတ်

*လောကရဲ့တရားအစု*
*ကြေးစည်ထုသံ အုန်းမောင်းသံ*
*အမျှဝေသံ သာခုသံ*
*ဓားချင်းခုတ်သံ စစ်မောင်းသံ*
*နယ်ချဲ့တွေအသံ ကျူးကျော်သံ*
*စစ်ရေးမြှုသံ စစ်တလင်းသံ*
*အသံများစွာတို့ရဲ့ ဝိညာဉ်*
*မသေဘဲ ရှင်ကျန်သေးတဲ့နေရာ*
*ဟောဒီ သရုပါ့ ပါ . . .။*



www.burmeseclassic.com

www.burmeseclassic.com





# ပုဂံရွှေနန်းတော်ကြီး

ရှေးဟောင်းမြို့တော် ပုဂံ၏အမိကာဝင်ပေါက် သရပါဂိတ်၏အနီး လမ်း၏ယာဘက်တွင်ရှိသည်။ ရှေးဟောင်းသမိုင်းပညာရှင် သုတေသီတို့ တူးဖော်တွေ့ရှိချက်အထောက်အထားများအရ ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဦးဆောင်လမ်းပြ ကြီးကြပ်ကွပ်ကဲမှုဖြင့် အနော်ရထာမင်းကြီး၏ သီရိဇေယျဘူမိပုဂံရွှေနန်းတော်ကြီးကို ပြန်လည်တည်ဆောက်ထားသည်။ ၂၀၀၃ ခုနှစ်၊ ဩဂုတ်လတွင်စတင်၍ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလတွင်ပြီးစီးကာ၊ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ဖွင့်ပွဲကျင်းပခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပုဂံရွှေနန်းတော်ကြီးတွင် အဆောက်အအုံ ၁၂ ခုရှိရာ

၁။ လမ်းမအရှေ့တောင်ဘက်ဝင်ပေါက်

၂။ ဇေတဝန်ခန်းမ

၃။ ဇေတဝန်ဆောင်တော်ကူး

၄။ မြောက်ဘက်ဝင်ပေါက်ခန်းမ


၅။ ပဥ္စပါသဒ (ညီလာခံခန်းမကြ[illegible]

၆။ သီဟာသနခန်းမ

၇။ အရှေ့ဘက်ဝင်ပေါက်ခ[illegible]


၈။ ဘိသေက ခန်းမကြီး

၉။ [illegible]လေသာဆော[illegible]န်းမကြီး[illegible]ပါဝင်[illegible]ည်။



www.burmeseclassic.com

www.burmeseclassic.com

+++++

# ကျန်စစ်သားနန်းတော်နေရာဟောင်း


၁၉၉၀ ခုနှစ်၊ မေလ၊ ၁၈ ရက်နေ့တွင် စတင်ဖော်ထုတ်ခဲ့ပြီး ၁၉၉၅ ခုနှစ်တွင်တူးဖော်မှုပြီးဆုံးသည်။ ရှေးဟောင်းပုဂံနန်းတော်၏ ဗိသုကာလက်ရာ အထောက်အထားများကို သိရှိရန်နှင့် တိမ်မြုပ်နေသော ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ရန်ရည်ရွယ်ချက်ဖြင့် တူးဖော်ခဲ့ခြင်းဖြစ်သည်။

တူးဖော်ရာတွင် မြေအောက်အဆောက်အအုံများ၊ အုတ်နံရံများ၊ တိုင်စိုက်တွင်းကြီးများ လေးမြှောင့်တိုင်ကြီးများ၊ အမိုးပြားများ၊ ရေတံလျှောက်များ၊ စဉ့်တုံးများ၊ တိရစ္ဆာန်အရိုးများနှင့် မြောက်များစွာသော မြေထည်ပစ္စည်းများတွေ့ရှိရသည်။ ၎င်းကျန်စစ်သားနန်းတော်ဟောင်းသည် သရပါတံခါးအဝင် ဘယ်ဘက် ရွှေဂူကြီးဘုရား၏ ခြေရင်းတွင်ရှိသည်။

+++++

www.burmeseclassic.com

www.burmeseclassic.com




ဧရာဝတီမြစ်ကမ်းနှင့်နီး၍ ပုဂံရှေးဟောင်းသုတေသနပြတိုက်ကြီး၏ မြောက်ဘက်တွင်ရှိသည်။

အေဒီ ၁၁၇၅ ခုနှစ် နရပတိစည်သူမင်းကြီး တည်ထားကိုးကွယ်တော်မူရာ စေတီမပြီးမီ မင်းကြီးနတ်ရွာစံ ကံတော်ကုန်သောကြောင့် သားတော်နားတောင်းများ မင်း(ထီးလိုမင်းလို)က ၁၁၈၈ ခုနှစ်တွင် ဆက်လက်၍ ပြီးစီးအောင်တည်တော်မူရသည်။

www.burmeseclassic.com

နရပတိစည်သူမင်းကြီး၏ ဘိုးတော်အလောင်းစည်သူမင်းကြီးသည် ၎င်း၏ ဘေးလောင်းတော် ဘိုးလောင်းတော်များ သူ့လောက်ဘုန်းတန်ခိုးအာဏာမရှိဟု ပြစ်မှားမိ၍ မျက်စိကွယ်ရသည်။ ထို့ကြောင့် ပြစ်မှားမိသောဘေးလောင်းတော် ဘိုးလောင်းတော်တို့၏ ရုပ်ထုများထုလုပ်ကာ ပလ္လင်တင်ပြီး ကန်တော့သောအခါမှ မျက်စေ့ပြန်၍ အလင်းရသည်။ ထိုကန်တော့ရာနေရာတွင် မြေးတော်နရပတိစည်သူ မင်းကြီးက ဘုရားကြီးတည်ထားကိုးကွယ်ခြင်းကြောင့် ကန်တော့ပလ္လင်ဘုရား ဟုတွင်သည်။

အချို့ရာဇဝင်၌ အလောင်းစည်သူမင်းကြီး လက်ထက် တရားစီရင်သော ညှပ်ကြီးတစ်ခုရှိသည်ဟုဆိုသည်။ ထိုညှပ်ကြီးကို ပုဂံညှပ်ကြီးဟုခေါ်သည်။ တစ်နေ့သောအခါ သီလရှင်တစ်ပါးနှင့် ဖိုးသူတော်တို့ ရွှေလက်စွပ်အပ်နှံရာမှ အငြင်းပွားမှုဖြစ်ကြသည်။ ဖိုးသူတော်က သီလရှင်ထံမှ ယူထားသော ရွှေလက်စွပ်ကို ပြန်ပေးပြီးပြီဟု ဆိုသည်။ သီလရှင်ကလည်း ပြန်မရသေးဟု ငြင်းသည်။ ထိုနှစ်ဦး ပုဂံညှပ်ကြီးရှေ့မှောက်ရောက်သောအခါ သီလရှင်က သစ္စာဆို၍ သူ၏လက်ကို ညှပ်အတွင်းသို့သွင်းရာ မညှပ်ဘဲရှိသည်။ ဖိုးသူတော်ကလည်း ရွှေလက်စွပ်အား ၎င်း၏ တောင်ဝှေးအတွင်းဝှက်ပြီးနောက် သီလရှင်အား သူ၏တောင်ဝှေးကို ခေတ္တပေးလိုက်သည်။ ထို့နောက်သစ္စာဆိုပြီး လက်ကိုညှပ်ကြီးအတွင်းသို့သွင်းရာ ညှပ်ကြီးမှာမညှပ်တော့ဘဲ အလိုလိုပျောက်သွားသည်။ ထိုညှပ်ကြီးရှိခဲ့ဖူးရာ တရားပလ္လင်နေရာတွင် ဘုရားကြီးတည်သောကြောင့် ကန်တော့ပလ္လင်တွင်ကြောင်း ဆိုသည်။

ထိုညှပ်ကြီး ကွယ်ပျောက်သွားပြီးနောက် ထိုညှပ်ကြီးရှိခဲ့ဖူးရာတွင် ဂေါမ၊ ဂေါမီဟူသော ဘီလူးနှစ်ကောင်တို့ စောင့်ကြပြန်သည်။ ထိုဘီလူးနှစ်ကောင်က တရားမမှန်သူများအား တင်းပုတ်ဖြင့် ထုလေသောကြောင့် ဂေါမပလ္လင်ဟူ၍တွင်ရာ ကန်တော့ပလ္လင်ဘုရားဖြစ်လာကြောင်း ဆိုပြန်သည်။

နရပတိစည်သူမင်းကြီးနှင့် ပံ့သကူမထေရ်တို့ စိတ်ဝမ်းကွဲပြားကြပြီးနောက် ပံ့သကူမထေရ်သည် သီဟိုဠ်သို့ ကြွရန်ပြင်သည်။ ထိုအခါ နရပတိစည်သူမင်းကြီးက မထေရ်အား သီဟိုဠ်သို့ မကြွရန် ကန်တော့တောင်းပန်ရာနေရာ၌ ဘုရားကြီးတည်၍ ကန်တော့ပလ္လင်ဘုရားဟူ၍လည်း ဆိုချေသည်။

ဘုရားကြီးမှာ လိုဏ် (၄) ဆင့်ရှိ၍ ပုဂံတွင် အကြီးမားဆုံး ဘုရားကြီးများ

www.burmeseclassic.com

www.burmeseclassic.com


ထဲတွင် တစ်ဆူ အပါအဝင်ဖြစ်သည်။ အပေါ်ထပ်တွင် ဗုဒ္ဓရုပ်ပွားဆင်းတု ၄ဆူ အောက်ထပ်တွင် (၁၀) ဆူရှိသည်။ အုတ်နံရံပြင် အရှေ့မြောက်ထောင့်တွင် မူလ ပုဂံခေတ်လက်ရာ ထိုင်တော်မူကျောက်ဆင်းတုတော်ကြီးတစ်ဆူ ဂန္ဓကုဋီတိုက် အတွင်း၌ရှိသည်။ ဘုရားကြီး မှာ ၁၉၇၅ ခုနှစ်တွင်လှုပ်သောငလျင်၌ ငလျင်ကြော ကျ၍ အထိနာခဲ့သဖြင့် အများဆုံး ပြန်လည်ပြုပြင်ထားရသည်။ ကွမ်းတောင်ပိုင်း တစ်ခုလုံး ပျက်စီးသွားခဲ့ရသည်။

*ဘေးလောင်းတော် ဘိုးလောင်းတော်*
*ငါ့ဘုန်းထက်မကျော်ဘူး ပြောခဲ့လို့*
*ရခဲ့တဲ့အပြစ်များ*
*မင်းလေးဆယ့်လေးပါးကို ရည်စူး*
*ရွှေသာရှပ်ထုပြီး ဖူးတော့မှ*
*မျက်စိအလင်းတွေ ပြန်ရခဲ့*
*အမှောင်ကအလင်း*
*သာသနာသန့်ရှင်းတဲ့ခေတ်မို့*
*အနှစ်တွေစု တည်ဆောက်မှုလက်ရာ*
*နှစ်ထပ်တိုက်ကြီးပလ္လင်တည်သလိုပါပဲ*
*အထက်မှာ ဘုရားတစ်ဆူ*
*အောက်မှာ ဘုရားတစ်ဆူ*
*ဂူဘုရားကြီး ကန်တော့လွှင် . . .။*



www.burmeseclassic.com

www.burmeseclassic.com

# အတွင်းစည်းခံ နှင့် မျက်တော်ပြေ

ကန်တော့ပလ္လင်ဘုရားကြီး၏ အရှေ့ မြောက်ထောင့်တွင်ရှိသည်။

သက္ကရာဇ် ၄၄၆ ခုနှစ် ကျန်စစ်မင်းလက်ထက် ရခိုင်ဘုရင်သက်မင်းကတုံက ပုန်ကန်ခြားနားသောကြောင့် ဖမ်းဆီးအရေးယူရလေသည်။ ထို့အကြောင်းကို ရှင်အရဟံသိတော်မူ၍ကြွလာပြီး သက်မင်းကတုံအား အပြစ်ပေးအရေးယူမသတ်သင့်ကြောင်း ရှေးဘဝ၌ကား ကျန်စစ်မင်းကြီးသည် ဘုရင်၊ အလောင်းစည်သူကား သားတော်၊ ရှင်အရဟံက ပုဏ္ဏား၊ မင်းမဟာဂီရိနတ်ကား သူဌေးသား၊ သက်မင်းကတုံက စစ်သူကြီးဖြစ်ပြီး ၎င်းတို့ငါးဦးမှာ ဆုပန်ဘက် မိတ်ဟောင်း၊ ဆွေဟောင်းများဖြစ်ကြောင်း တရားချဆုံးမတော်မူသည်။ ၎င်းတို့ငါးဦးသည် အလောင်းစည်သူကား ဘုန်းကြီးသော ဘုရင်၊ ကျွန်ုပ်ကား မင်းတို့၏ ဆရာရဟန်း၊

www.burmeseclassic.com


www.burmeseclassic.com



မင်းမဟာဂီရိကား မင်းတို့ပူဇော်ထိုက်သော နတ်၊ သက်မင်းကတုံကား ပြည်ထောင်ဘက်ချင်းမင်းဖြစ်လိုရ၏ဟူ၏။ သင်မင်းကြီးကား ထိုသူတို့၏ အကြီးအကဲဟူ၍ ဘုရားရှင်ရှေ့မှောက်၌ ဆုပန်ခဲ့ကြလေသည်ဟု ဆိုချေသည်။ မဟာဂီရိနတ်က ဆုပန်ဘက်အမှန်ဖြစ်ကြောင်း ကိုယ်ထင်ပြ၍ သက်သေခံသည်။ ထိုအခါ ကျန်စစ်မင်းကြီးက ကျွန်ုပ်ဆင်းရဲချိန်တွင် အဘယ်ကြောင့် မကူညီကြပါသနည်းဟုဆိုလေရာ မဟာဂီရိနတ်က သင့်အား အနော်ရထာကလှံဖြင့်ထိုးရာ နှောင်ကြိုးကို ထိုးမိစေခြင်းငှာလည်းကောင်း၊ ပြည်တော်သာကျွန်း၌ စစ်ရှုံး၍ထွက်ပြေးရစဉ် လမ်းပြ၍လည်းကောင်း၊ ငရမန်တပ်သားတို့လိုက်ရာတွင် ကျွန်းဖန်ဆင်း၍ လည်းကောင်း ငါကယ်မခဲ့ပြီးဖြစ်ကြောင်း ပြောကြားလေသည်။

ထိုသို့ ကျန်စစ်မင်းကြီး၊ ရှင်အရဟံ၊ မဟာဂီရိ၊ သက်မင်းကတုံနှင့် မြေးတော်အလောင်းစည်သူတို့ (၅) ဦး စည်းဝေးတိုင်ပင်ရာ၌ စေတီတစ်ဆူတည်ခြင်း၊ ရွှေစည်းခုံစေတီကြီးနှင့် ပုံတော်တူ အုတ်မြို့ရိုးအတွင်း၌ တည်ခြင်းကြောင့် အတွင်းစည်းခုံဟု သမုတ်တော်မူသည်။

ကျန်စစ်မင်းကြီး သက်မင်းကတုံ အပေါ် အမျက်တော်ပြေသဖြင့် အတွင်းစည်းခုံဘုရား၏မဟာရံတံတိုင်းအတွင်း အရှေ့တောင်ထောင့်တွင် အရှေ့သို့မှုခ်ဝလှည့်သော မျက်တော်ပြေစေတီတစ်ဆူတည်ထားသည်။



အမှုအခင်းနှင့် ပြဿနာ ပြေ လည်ပပျောက်စေရေးနှင့်ပတ်သက်၍ ၎င်းမျက်တော်ပြေစေရန် လာရောက် ဆုတောင်းကြသူများရှိကြသည်။ ဘုရားတည်စဉ်က နေရာတောင်း၍ အစားပြန်ပေးခဲ့ရသောပစ္စယာသုံးဆင့်အထက် မြောက်ဘက်မျက်နှာတွင်ရှိ ရက္ခစိုးနတ်ကွန်းသည် ယခုမြို့လယ် စန္ဒိနတ်ကွန်း ဟူ၍ ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com






ပုဂံမြို့ဟောင်း လမ်းမကြီး၏ အနောက်ဘက်အတိုင်း ဝင်လျှင် မဟာဗောဓိဘုရားကို ဖူးတွေ့ရသည်။

၁၂၁၅ ခုနှစ်တွင် ဇေယျသိင်္ခ (ခ)နားတောင်းများမင်း (ခ)ထီးလိုမင်းလိုမင်း နန်းစံ (၄)နှစ်မြောက်၌ မဇ္ဈိမဒေသသီဟိုဠ်ကျွန်းမှ ဓာတ်တော်မွေတော် လက်ဆောင်များနှင့်တကွ မဟာဗောဓိပုံတော်တစ်ဆူ လာရောက်ဆက်သရာမှ ၎င်းပုံသဏ္ဌာန်

www.burmeseclassic.com


www.burmeseclassic.com

အတိုင်း ရွှေငွေရတနာတို့ဖြင့်ခြယ်မှုန်းနာ၍ စေတီတည်တော်မူရာ မဟာဗောဓိတွင်တော်မူသည်။ ပုဂံမြို့ဟောင်းတွင် ကြွင်းကျန်လျက်ရှိသေးသော ဘုရားပေါင်းအဆူနှစ်ထောင်ကျော်တွင် ဤမဟာဗောဓိပုံ ကွမ်းထောင်ပေါက်ဘုရားသည် ဗုဒ္ဓဂယာရှိ မဟာဗောဓိဘုရားနှင့် တူသောဘုရားဖြစ်သည်။

လိုဏ်နှစ်ဆင့်ရှိပြီး တောင်ဘက် နံရံအတွင်းတွင် အပေါ်ထပ်သို့ တက်ရန် လှေကားရှိသည်။ အရှေ့လှည့်ဘုရားဖြစ်ပြီး အပေါ်ထပ်နှင့်အောက်ထပ်တွင် ဘူမိဖဿမုဒြာဟန် ရုပ်ပွားဆင်းတုတော် နှစ်ဆူရှိသည်။ ကွမ်းထောင်မျက်နှာပြင် မုခ်ကပ်အချိုင့်များ၌ မတ်ရပ်ဖိုင်လျက်၊ လျောင်းလျက်ပုံသဏ္ဌာန် ဗုဒ္ဓဆင်းတုတော်ပေါင်း ၄၆၅ ဆူ ကျန်ရှိသည်။

ဘုရားဝန်းကျင်တွင် ဗုဒ္ဓဂယာကဲ့သို့ပင် သတ္တဌာနခန်းများရှိသည်။ ၁၉၇၅ ခုနှစ်ငလျင်တွင် ပြိုကျပျက်စီးမှုများရှိခဲ့ပြီး ပျက်စီးနေသော အစိတ်အပိုင်းများကို စု၍ ပုဂံရှေးဟောင်း သုတေသနပြတိုက်တွင် ပြသထားသည်။


ဘုရားကြီးအား ဆွမ်း၊ ဆီမီး မပြတ်စေရန် ပုဂံမြို့အရပ်ရှစ်ရပ် ကန့်သတ်၍ ပူဇော်ကြရသည်။ ပုဂံမြို့ဈေးမှရသော အခွန်အကောက်တို့ကိုလည်း ဘုရားကြီးအား လှူဒါန်းကြသည်။ နောင်ဆက်ခံကြသော သာသနာပြုမင်းများ နားတောင်းများ မင်းကြီး၏ စေတနာဆန္ဒအတိုင်းလိုက်၍ ဈေးအခွန်အကောက်တို့ကို လှူကြသည်။ ဗြိတိသျှကိုလိုနီခေတ်ရောက်မှသာ ဘုရားပိုင် ဈေးအခွန်အကောက်များ ဒိစကြိတ်ကောင်စီသို့ ပေးပို့ရကြောင်း သိရသည်။



www.burmeseclassic.com

www.burmeseclassic.com







ပုဂံမြို့ဟောင်း၏ အနောက်ဘက် ဧရာဝတီ မြစ်ကမ်းနဖူးတွင် ရှိသည်။ ၁၉၇၅ ခုနှစ်၊ ပုဂံငလျင်ဒဏ်ကြောင့် လုံးဝပျက်စီးသွားသဖြင့် အသစ်ပြန်လည်တည်ရသောဘုရား ဖြစ်သည်။ စေတီ၏ ကိုယ်လုံးတော်သဏ္ဍာန်မှာ သရေခေတ္တရာရှိ ဘောဘောကြီးဘုရား၊ ပုဂံရှိ ငကျွဲနားတောင်းဘုရားတို့နှင့် ပုံစံတူ အဆင်တန်ဆာ မရှိသော ဘုရားတစ်ဆူ ဖြစ်ခဲ့သော်လည်း ပြန်လည် ပြုပြင်သောအခါ ရှေးလက်ရာနှင့် မတူတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com


အေဒီ (၃)ရာစု မြန်မာသက္ကရာဇ် ၈၉ ခုနှစ်၌ နန်းတက်သော ပျူစောထီးမင်းက ၉၂ ခုနှစ်တွင် ပေါက်ပင်ပေါက်ရာအရပ်၌ ဤဗူးဘုရားကို တည်တော်မူသည်။ ကျားကြီး၊ ရှူးပျံကြီး၊ ဝက်ကြီး၊ ငှက်ကြီး ဟူသော ရန်သူကြီး (၄)ဦးအပြင် ဗူးဟူသော သဘာဝရန်သူတစ်မျိုးလည်း ပေါ်ပေါက်ခဲ့သည်ဟု အဆိုရှိသည်။ ထိုနေရာမှစ၍ ပေါက်ခဲ့သော ဗူးပင်သည် တစ်မြို့လုံးအား ဗူးနွယ်များဖြင့် ရစ်ပတ်ကုန်သည်။ ထိုဗူးရိုင်းကြီးများအား နေ့ခုတ်လျှင် ညတွင်းချင်း ပြန်လည်ရှင်သန်ကြီးထွား၍ ဒုက္ခပေးတတ်ပြန်သည်။ ထိုဗူးပင်တို့အား ပျူစောထီးက သုတ်သင်ရှင်းလင်း နှိမ်နင်းရသည်။ ထိုဗူးပင်ပေါက်ရာ ဘုရားရှင်လက်ထက်က ပေါက်ပင်ပေါက်ရာ ထိုနေရာတွင် ဗူးသီးပုံသဏ္ဍာန်စေတီတည်ထားကိုးကွယ်ရာမှ ဗူးဘုရားဖြစ်ပေါ်လာသည်။ အမှန်မှာ ပုဂံတွင် ခေါင်းလောင်းပုံစေတီ မပေါ်မီကာလ အောက်ရှူး၊ အထက်ကားလုံးစောက်သော ပုံသဏ္ဍာန် ပျူခေတ်လက်ရာစေတီများ ထွန်းကားခဲ့ခြင်းဖြစ်သည်။

ဗူးဘုရားသည် ဧရာဝတီမြစ်ကမ်းပါးတွင် တည်သောဘုရားဖြစ်၍ ဧရာဝတီမြစ်နှင့် အနောက်ဘက် တန့်ကြည့်တောင် ရှုခင်းများကို သာယာလှပစွာ မြင်ရသည်။ ဘုရားဖူးလာသူများ နားနားနေနေနေရန် အကောင်းဆုံးဖြစ်၍လည်း စည်ကားသည်။ ၁၉၅၆ ငလျင်နှင့် ၁၉၇၅ ငလျင်ဒဏ်ကြောင့် လုံးဝ ပျက်စီးသွားရပြီး အသစ်ပြန်လည်တည်ရသဖြင့် ပုဂံ ရှေးဟောင်းလက်ရာနှင့် ပတ်သက်၍မူ ဘာမျှ ကြည့်စရာမရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com




# မင်းအိုချမ်းသာ


အာနန္ဒာဘုရားကြီး၏ အနောက်မြောက်ဘက်၊ ပုဂံလမ်း၏ ဘယ်ဘက်တွင်ရှိသည်။ ကျန်စစ်မင်းကြီး ပုဂံနန်းစံသက် ၂၈ နှစ် သက်တော် ၇၂ နှစ်သို့ရောက်သောအချိန်ကာလ သီဟိုဠ်မင်းမှဘုရားနှင့် သရီရဓာတ်တော်ကိုးဆူကို ရတနာကြုတ်နှင့်ထည့်၍ အဆက်အသပို့စေလွှတ်တော်မူသည်။ ထိုအချိန် မင်းကြီးမှာ ကောင်းစွာကျန်းမာတော်မူခြင်းမရှိသဖြင့် မိမိအသက်ရှည်ရှည် နေထိုင်လိုသောဆန္ဒဖြင့် ၎င်းသရီရဓာတ်တော်တို့အား ဌာပနာ၍ သက္ကရာဇ် (၄၇၄) ခုနှစ်တွင် စေတီတည်ထားကိုးကွယ်သည်။

"ငါလည်း အိုမင်းမစွမ်း ရှိချေပြီ။ ရောဂါဥပါဒ်ကင်း၍ အသက်ရှည်ပြီးလျှင် ဘုရားနှင့် သာသနာတော်လည်း စည်ပင်ပြန့်ပွားပါစေသော" ဟု စိတ်ဆန္ဒပြင်းစွာဖြင့် မင်းအိုချမ်းသာဟူ၍ သမုတ်တော်မူသည်။

အသက်အရွယ်ကြီးသူများ၊ ကျန်းမာရေး အားနည်းသူများ ဘုရားဒါယကာ မင်းကြီး၏ ဆန္ဒနှင့် ထပ်တူထပ်မျှ ရစေသောငှာ လာရောက်ဖူးမြော် ဆုတောင်းလေ့ရှိကြသည်။ မင်းအိုချမ်းသာဘုရားနှင့် မနီးမဝေးတွင် ပုဂံရွှေဟောင်း နှစ်ထပ်ဘုရား တစ်ဆူကို ရှားပါးစွာဖူးတွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



# မင်းမျှော်ရာဇာဘုရား

၁၉၁၅/၁၂၁၂

အာနန္ဒာဘုရားကြီး၏အနောက်မြောက် ပုဂံလမ်း၏ညာဘက်တွင် ရှိသည်။

ဘုရားဒါယကာမှာ ကျန်စစ်မင်းကြီးဖြစ်သော်လည်း ၎င်းဘုရားသမိုင်းရာဇဝင်မှာ အနော်ရထာမင်းကြီး၏ ခမည်းတော် ကွမ်းဆော်ကြောင်ဖြူမင်း၏ အဖြစ်အပျက် ဖြစ်ပေသည်။

ပုဂံတွင် တန်နက်မင်းအား စလေငခွေးလုပ်ကြံ၍ နန်းတက်သော် တန်နက်မင်း၏ မိဖုရားတစ်ပါးသည် ဝမ်းတွင်းပဋိသန္ဓေနှင့်အတူ နန်းမှထွက်ပြေးလွတ်

www.burmeseclassic.com

www.burmeseclassic.com


မြောက်၍ ကြောင်ဖြူအရပ် (ယခု စစ်ကိုင်း နယ်တွင်ရှိ)တွင် ပုန်းရှောင်နေခဲ့ရသည်။ ထိုမိဖုရားမှ ကွမ်းဆော်ကြောင်ဖြူမင်းသားငယ်ကို ဖွားသည်။ မင်းသားငယ်အား ကစားဖော်များက အဖမဲ့သားဟုစကြသောအခါ မိခင်ကရင်း၏ဇာတိအမှန် ဘုရင့်သားတစ်ပါးဖြစ်ကြောင်း ပြောပြရသည်။ ကြောင်ဖြူမင်းသားလည်း တစ်နေ့တွင် ဖခင်၏အရိုက်အရာကို ပြန်လည်ရယူမည်ဟူသော ဆုံးဖြတ်ချက်ဖြင့် ထိုအချိန်တွင် ပုဂံထီးနန်းအားစိုးစံလျက်ရှိသော တောင်သူကြီးမင်းထံ ဝင်ရောက်ခစားသည်။ ကွမ်းဆော်ကြောင်ဖြူမင်း မင်းဖြစ်ချိန်တန်သဖြင့် ပုဂံပြည်တွင် မင်းလောင်းပေါ်လိမ့်မည်ဟူသော တဘောင်ပေါ်လေသည်။ မည်သည့်နေ့ရက် မည်သည့် အချိန်အခါ၌ မင်းလောင်းရောက်လာလိမ့်မည်။ မင်းလောင်း အကြည့်သွားကြစို့ဟု ပြည်သူတို့ အုတ်အော်သောင်းနင်းအော်ကာ တူရွင်းတောင်သို့ သွားကြလေသည်။ ကြောင်ဖြူမင်းသားလည်း မင်းလောင်းကြည့်လိုဇောဖြင့် ၎င်း၏မယ်တော်အား စားမြိန်စာကို စောစောထုပ်စေသည်။ ထိုအချိန် သူအိုယောင်ဆောင်၍လာသော သိကြားမင်းက သူစီးလာသောမြင်းအား မင်းလောင်းကို အချိန်မီကြည့်နိုင်ရန် ကွမ်းဆော်မင်းအားယူ၍စီးစေပြီးနောက် ပတ္တမြားဥဩျှာင်ကျင်ကိုဆောင်းစေ၊ ပတ္တမြားလက်စွပ်ကို ဝတ်စေ၊ လှံနှင့်ဓားကိုစွဲကိုင်စေ၍ မင်းရင်ပြင်သို့ အလျင်အမြန်သွားပါလေဟု ဆိုသည်။ ကွမ်းဆော်မင်းလည်း မင်းလောင်းလာသည်ကို ကြည့်မီအောင် မြင်းကိုအပြေးနှင်၍ နန်းတော်သို့ ဦးတည်၍လာလေလျှင် မှူးမတ်၊ ကလ္လန်၊ သံပျင်နှင့် ပြည်သူအပေါင်းက ကွမ်းဆော်မင်းအားမင်းလောင်းလာပြီဟူသော အသိဖြင့် ဦးခိုက်ကြကုန်သည်။ ထိုအခါမှ ကွမ်းဆော်ကြောင်ဖြူမင်းလည်း မင်းလောင်း ဆိုသည်မှာ အခြားသူမဟုတ် ငါပါလားဟူသော အသိဝင်လာပြီး နန်းတွင်းသို့ မြင်းနှင့်ဝင်လေသည်။ တောင်သူကြီးမင်းကလည်း ငါရှိလျက် အဘယ်သူ မင်းလောင်းဖြစ်အံ့နည်းဟုဆို၍ နန်းဦးသို့ ထွက်ကြည့်လေသော် နန်းဦးတံခါးတွင် စောင့်သော ကျောက်သူရုပ်ကတွန်းချလျှင် ဦးစောက်ကျ၍ အနိစ္စရောက်လေသည်။ တောင်သူကြီးမင်းလွန်သော် ကွမ်းဆော်ကြောင်ဖြူမင်းသည် သက္ကရာဇ် ၃၂၆ ခုနှစ်တွင် မင်းဖြစ်သည်။

ထိုအဖြစ်အပျက်အရ ကွမ်းဆော်ကြောင်ဖြူမင်း၏ မြေးတော်အနိရုဒ္ဓ မင်းကြီးက ပြည်သူအပေါင်း မင်းလောင်းအားမျှော်ရာအရပ်၌ နောင်အခါ ဘုရားတစ်ဆူတည်ထားကိုးကွယ်ရာ 'မင်းမျှော်ရာဇာဘုရား' တွင်ချေသည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



# အာနန္ဒာဘုရားကြီး

၂၀၇၁/၁၄၆၅

ပုဂံမြို့ဟောင်းအရှေ့ဘက် သရပါတံခါးမဝင်မီ အထင်အရှားဖူးတွေ့ရသော ဘုရားကြီး ဖြစ်သည်။

မြန်မာမှန် ပုဂံရောက်ဖူးသင့်လှသည်။ ပုဂံရောက်လျှင် အာနန္ဒာရောက်မှ ပုဂံရောက်သည် ခေါ်မည်ဆိုသော စကားအရ ကျောက်ဆစ် (ပန်းတမော့)၊ အင်္ဂတေ (ပန်းတော့)၊ စဥ့်ကွင်းလက်ရာ၊ သစ်သား ပန်းပုလက်ရာ၊ ပန်းပဲလက်ရာ စသဖြင့် လက်ရာအဖုံဖုံ အနုပညာဂုဏ်နှင့် ပြည့်စုံတော်မူသော၊ မွန်လက်ရာများဆုံး ပါဝင်သော အာနန္ဒာကား ရှေးဟောင်းပြတိုက်ကြီး တစ်ခုပမာတူလှပေသည်။

www.burmeseclassic.com

www.burmeseclassic.com 



BURMESE CLASSIC

ကျန်စစ်မင်းကြီးက ဂန္ဓမာဒနတောင် နန္ဒမူလိုဏ်မှ ပုဂံသို့ ကြွလာကြကုန်သော ရဟန္တာရှစ်ပါးအား နန္ဒမူလိုဏ်ဂူပုံတော်တူ ကျောင်းမှုတော်တစ်ဆူ တည်လိုသောကြောင့် မည်သို့သော ပုံသဏ္ဌာန်မျိုး သင့်လျော်ပါမည့်အကြောင်း လျှောက်ထားရာ ရဟန္တာရှစ်ပါးက နန္ဒမူလိုဏ်ဂူပုံစံအတိုင်း ဖန်ဆင်း၍ ပြသဖြင့် ၎င်းအတိုင်း အားရနှစ်ခြိုက်စွာဖြင့်တည်ရာ နောင်အခါ နန္ဒမူမှ နန္ဒာ၊ နန္ဒာမှ အာနန္ဒာ ဖြစ်လာသည်ဟု ဆိုသည်။

အချို့ကမူ အနန်(ဒ်)ဟူသော သသ်ကရိုက် ဘာသာအဓိပ္ပာယ်၊ အလွန်လှပသောဟူ၍ အနန်(ဒ်) မှ အာနန္ဒာဖြစ်လာသည်ဟု ဆိုသည်။

အချို့ကမူ အနန္တပညာဟူသော ပါဠိစကား မှ အာနန္ဒဟူ၍ ကာလကြာသောအခါ ဖြစ်သွားနိုင်သည်ဟု ဆိုသည်။

အာနန္ဒာဘုရားကြီးကို ကောဇာသက္ကရာဇ် ၄၅၂ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၀၉၀ တွင် ကျန်စစ်မင်းကြီးက တည်ထားကိုးကွယ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဘုရားကြီး၏ ပန္နက်ပုံစံမှာ ဘင်္ဂလားဒေ့ရှ်ရှိ ပါဟာပူစေတီနှင့် ဇန်ကောက်မြို့ အနောက်ဘက်ရှိ ဒွာရာဝတီမြို့ဟောင်းအနီးမှ နခွန်ပထွန်စေတီနှင့် ဆင်တူသည်။ အာရုံခံလေးဘက်၌ ကြက်ခြေခတ်သဏ္ဌာန်ဖြစ်သောကြောင့် ထိုပန္နက်ပုံဘုရားမျိုး ပုဂံတွင် အာနန္ဒာနှင့် ဓမ္မရံကြီးနှစ်ဆူသာ ရှိသည်။ ဘုရား အကျယ်အဝန်း တစ်ဖက်ထိပ်မှ တစ်ဖက်ထိပ်အထိ ၂၈၉ ပေ ရှိသည်။ အမြင့်မှာ အောက်ခြေမှ ကြာမှောက်လှုန်အထိ ၁၆၈ ပေ၊ တံတိုင်းအကျယ်အဝန်းမှာ အရှေ့အနောက် ၅၉၆ ပေ တောင်မြောက် ၅၉၂ ပေ ရှိသည်။

စေတီရံတစ်သောင်း မုခ်ပေါင်းတစ်ထောင်၊ လမ်းသုံးမြောင်ဟူသော အဆို အရ စေတီတစ်သောင်းမှာ တံတိုင်းပတ်လည်အတွင်း လိုဏ်မုခ်ကပ်များတွင် စေတီ ပေါက်ထားပြီး ဘုရားကြီး၏ စေတီအရံများနှင့် တွက်သော် တစ်သောင်းရှိနိုင်ပေ သည်။

မုခ်ပေါင်းတစ်ထောင်မှာလည်း ကွမ်းထောင်လေးမျက်နှာတွင်ရှိသော မုခ်ကပ်ချိုင့်များ စကြံန်ပတ်လမ်းနှစ်ခုဝဲယာ နံရံရှိ မုခ်ကပ်များနှင့် အာရုံခံ လေးဘက် အတွင်းရှိ မုခ်ကပ်အချိုင့်များဖြစ်သည့် ၎င်းမုခ်ကပ်များကြောင့် ဘုရားအတွင်း ပွဲတင်သံ၊ လိုဏ်သံများမကြားရတော့ပေ။ လမ်းသုံးမြောင့်တွင် အတွင်းဆုံးပတ်လမ်း သည် ရဟန်းသံဃာများ လှည့်လည်ပူဇော်ရန် ဒုတိယအလယ်ပတ်လမ်းမှာ မင်းညီမင်းသားများအတွက်ဖြစ်ပြီး အပြင်ပတ်လမ်းမှာ သာမန်လူပုဂ္ဂိုလ်တို့ ကုသိုလ်ယူ လှည့်လည်ဖူး မြော်ရန်ဖြစ်သည်။




www.burmeseclassic.com

www.burmeseclassic.com



စဥ့်လက်ရာမှာလည်း အစုံဆုံးဘုရားဖြစ်သည်။ အကောင်းဆုံး ကျောက်ဆစ်လက်ရာမှာ အဝိမူရေ ဗုဒ္ဓဝင်ခန်း အခန်း (၈၀)ရှိပြီး ပျမ်းမျှအမြင့် ၃ ပေ ၆ လက်မ၊ ဖြက် ၂ ပေ ၅ လက်မနှင့် ထု ၁ ပေရှိသည်။ သဲကျောက် တစ်လုံးတည်းသားများဖြင့် ထုထားသည့် မုဒြာဟန်အမျိုးမျိုး ဗုဒ္ဓဆင်းတုတော်များ ပူဇော်ထားသည်။ လေးမျက်နှာ မတ်ရပ်ကိုယ်တော်ကြီးလေးဆူအနက် မြောက်ဘက်မျက်နှာတွင် ကကုသန္ဓ စကားသား (MICHELIA CHAM-PACA) ဖြင့် ထုထားသော (ကကုသန်) ၂၈' အမြင့်ရှိပြီး ၁၉၀၆ ခုနှစ်က သက်န်းအတွန့်များထည့်၍ ပြန်လည်မွမ်းမံသော ပုဂံ ရှေးဟောင်းဘုရား ဖြစ်သည်။ အရှေ့ဘက်ဂေါဏာမန ဘုရားမှာ မူလစန္ဒကူးသား SAMTALUMAL-BUM ဖြစ်ပြီး မူလဘုရားကြီး မီးခပျက်စီးသောကြောင့် ၁၈၆၇ ခုနှစ် ပုဂံဝန်ဦးဖိုးမှ ကျွန်းသားဖြင့် အစားထိုးပြုလုပ်ခဲ့သည်။ တောင်ဘက် ကဿပဘုရားမှာမူ ထင်းရှူးသားနှင့် ထုလုပ်ထားပြီး



မူလအတိုင်းပင်ရှိသည်။ အနောက်ဘက် ဂေါတမ မှာမူ ရွှေ၊ ငွေ၊ ကြေး၊ သံ၊ခဲ ပါသော ပဉ္စလောဟာဖြင့် သွန်းလုပ်ခဲ့သော်လည်း မီးခသဖြင့် မူရင်းမရှိတော့ဘဲ သစ်သားဖြင့် အစားထိုးပြီး ၁၈၉၂ ခုနှစ်တွင် ပုဂံမြို့မှ ကုန်သည် ဦးစံငြိမ်းမှ မွမ်းမံပြင်ဆင်ခဲ့သည်။ မူလဆင်းတုတော်ကြီးနှစ်ဆူဖြစ်သော တောင်ဘက် နှင့် မြောက်ဘက် ဆင်းတုတော်ကြီးနှစ်ဆူမှာ သစ်သားတစ်လုံးတည်းဖြင့် ထုလုပ်ထားပြီး ပုံတော်မှာ အနီးမှမော့၍ဖူးလျှင် မျက်နှာတော်တည်ကြည်ပြီး အာရုံခံအနောက်ဘက်သို့ တဖြည်းဖြည်း ဆုတ်ကာ အဝေးမှလှမ်း၍ ဖူးမြော်လျှင် မျက်နှာတော်မှာပြုံးနေသော ထူးခြားချက်ကို တွေ့ရပေသည်။



◈

www.burmeseclassic.com

www.burmeseclassic.com



**အာနန္ဒာတည်ပုံ**

သက္ကရာဇ် ၄၅၂ ခု၊ ရွှေစည်းခုံပြီးသည်နှင့် အာနန္ဒာဘုရားကြီး တည်ဆောက်ရန်နေရာကို သိကြားမင်းကိုယ်တိုင် ကျန်စစ်မင်းကြီးအား ညွှန်ပြသည်။ ဖိနပ်အတောင် ၆၀၊ ရေထွက်အောင်တူး၍ ရေမှ သံတောင် ၃၀ နဂါးရစ်ကျောက်တို့ကိုစီခင်းသည်။ ၎င်းကျောက်အထက် အတောင် ၃၀ ဥမင်တိုက်ဌာပနာရန်ပြုသည်။ ပန်းရုံတို့မှာ ကံကျွေး(၄၀၀၀၀)၊ ဗိသုကာ (၄၀၀)ရှိသည်။ လက်ခ ရွှေ (၄၀၀၀၀၀) ပေးရသည်ဟု ဆိုသည်။ ဌာပနာတိုက်အား တစ်မျက်နှာလျှင် ရဟန္တာ (၁၀)ပါးစီ စောင့်ကြပ်ရသည်။ စတုလောကပါလနတ်မင်းကြီးလေးပါးတို့ လေးမျက်နှာ၌ စောင့်ရသည်။ ဝိသကြုံနတ်သားလည်း လေးမျက်နှာကို စောင့်ကြပ်ရသည်။ ပင်လယ်ပြင်ရှိသော နဂါးရစ်ကျောက်တို့အား သကြားမင်းအမိန့်ဖြင့် ဝဿဝရောနတ်ဘီလူး၊ အာဠာဝက နတ်ဘီလူး၊ ကုမ္ဘာန် လေးထောင်နှင့်သယ်ယူကြရသည်။ အလယ်မဏ္ဍိုင်ဖျော်သော သရွတ်မှာ ရက္ခိုက်ဘီလူးတို့ သယ်ပေးသော သီတာမြစ်ရေနှင့် ဂန္ဓမာဒနတောင်မြေ၊ ဗောဓိမြေတို့ကို ရောပြုသည်။ ထိုသို့ စီမံခြင်းမှာ ဧရာဝတီမြစ်ရေ တိုက်စားခြင်းမပြုနိုင်ရန်ဟုဆိုသည်။

အနုပညာလှုတော်တွေ မွေးဖွား
အနုပညာနဲ့ တစ်သက်လုံး နေသွားတဲ့
ပုဂံသားတို့ရဲ့ ယနေ့ပုဂံကို
မြန်မာမှန် ရောက်ရသလိုပဲ
ပုဂံရောက်တဲ့ မြန်မာ
အာနန္ဒာ မရောက်ရင် မဖြစ်ပါဘူး၊
သက္ကရာဇ်လေးရာ့ငါးဆယ့်နှစ်
ထီးလိုင်ရှင်မင်းကြီးဖြစ်တဲ့
ကျန်စစ်သား ကောင်းမှုတော်
အံ့ချီးလို့သော်မှ မကုန်ရှာ၊ ။

www.burmeseclassic.com

www.burmeseclassic.com





# ပုဂံရှေးဟောင်းသုတေသနပြတိုက်

၁၉၀၄ ခုနှစ် ကမ္ပည်းကျောက်စာဝန် မစ္စတာတော်စိန်ခိုမှ ပုဂံမြို့ အာနန္ဒာဘုရား၏ မြောက်ဘက်စောင်းတန်းအနီးတွင် မြန်မာနိုင်ငံ၌ ပထမဦးဆုံးသော ပုဂံရှေးဟောင်းသုတေသနပြတိုက်ကို စတင်ဖွင့်လှစ်ခဲ့သည်။

၁၉၇၉ ခုနှစ်တွင် ကန်တော့ပလ္လင်ဘုရား၏တောင်ဘက်၌ ရှစ်မြှောင့်ပုံသဏ္ဌာန်ရှိသော ရှေးဟောင်းသုတေသနပြတိုက်ကို တည်ဆောက်ပြသခဲ့ရာ ပြခန်းနှင့်ပြသနိုင်သောပစ္စည်း မမျှတသောကြောင့် ၁၉၉၅ ခုနှစ်၊ မတ်လတွင် ယခု ရှေးဟောင်းသုတေသနပြတိုက်အသစ်အား စတင်ဆောက်လုပ်ခဲ့သည်။

၁၀. ၉၇ ဧက ကျယ်ဝန်းသော မြေဧရိယာပေါ်တွင် အရှေ့အနောက် ၃၈၀ ပေ၊ တောင်မြောက် ၃၆၀ ပေရှိ ချိုးပန္နက်ပုံ ပြတိုက်သစ်ကြီး၏ အဆောက် အအုံမှာ ခိုနန်းသုံးထပ်ဖြစ်၍ ပြတိုက်အပြင်ဘက်တွင် အင်္ဂတေပန်းလက်ရာ၊ အတွင်း ဘက်တွင် မြန်မာမှုလက်ရာ ယွန်းပန်းတို့ဖြင့် တန်ဆာဆင်ထားသည်။ ကျပ်သန်း ပေါင်း ၁၊၆၀၀ ကျော် ကုန်ကျ၍ ၁၉၉၈ ခုနှစ်၊ ဧပြီလတွင် တည်ဆောက်ပြီးစီးကာ (၁[illegible]-၄-၉၈) ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



(၁) **ပင်မပြခန်းဆောင် (အထူးပြခန်း)**

မင်းလေးပါးရုပ်တု၊ ဗုဒ္ဓရုပ်ပွားတော် ကျောက်ဆစ်လက်ရာ၊ အဂ္ဂသာဝကဦးခေါင်းနှင့် ဗုဒ္ဓဦးခေါင်းတော် ကျောက်ဆစ်လက်ရာ ကျန်စစ်သားမင်းကျောက်စာပုံတူနှင့် သုံးဘက်မြင်ပုဂံရှုခင်းပန်းချီကားကြီး။

(၂) **ပုဂံခေတ် လက်မှုအနုပညာပြခန်း**

ရွှေ၊ ငွေ၊ ကြေး၊ သစ်သားတို့ဖြင့် ပြုလုပ်ထားသည့် ပုဂံခေတ် အသုံးအဆောင်ပစ္စည်း မြေထည်စဥ့်လက်ရာ၊ အင်္ဂတေပန်း၊ ကျောက်ဆစ်ရုပ်ကြွ၊ ဆင်ယင်ထုံးဖွဲ့မှု ဗုဒ္ဓခြေတော်ရာ၊ ကျောက်ဆစ်အနက်ပစ္စည်းများနှင့် ကျောက်ဖြစ်ရုပ်ကြွင်းများ။

(၃) **ပုဂံခေတ် ဗိသုကာ ပြခန်း**

ပုဂံရှေးဟောင်းရုပ်ကြွမြေပုံ ထင်ရှားသောစေတီပုထိုး ဂူဘုရားပုံစံငယ်များ။

(၄) **ပုဂံခေတ် လူမှုရေးပန်းချီနှင့် စစ် ရေး ပြခန်း**

ပုဂံခေတ် စစ်လက်နက်ပစ္စည်းများ၊ လူမှုရေးနှင့် သက်ဆိုင်သောပန်းချီကားများ။

(၅) **ပုဂံခေတ် စာပေပြခန်း**

ကမ္ပည်းကျောက်စာများ အုတ်ခဲစာ၊ နံရံမင်စာ၊ အုတ်ခွက်စာ၊ ခဲပြားစာ၊ ပေစာများနှင့် မြန်မာစာပေအရေးအသား အဆင့်ဆင့်ပြောင်းလဲလာပုံများ။

(၆) **ပုဂံခေတ် ဗုဒ္ဓအနုပညာပြခန်း**

ဆင်းတုများ၊ ဗုဒ္ဓဝင်ဇာတ်ကွက်များနှင့် အေဒီ (၁၁)ရာစု ပုဂံခေတ်ဦးလက်ရာ ပဥ္စလောဟာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်။

(၇) **ပုဂံခေတ် ဗုဒ္ဓဆင်းတုတော်ပြခန်း**

အေဒီ(၁၁)ရာစုမှစ၍ ခေတ်အဆက်ဆက် ထုလုပ်ကိုးကွယ်ခဲ့ကြသော ရာစုအလိုက် ဗုဒ္ဓဆင်းတုတော်များနှင့် မှန်ကင်းများ။

www.burmeseclassic.com

www.burmeseclassic.com


(၈) <u>ပုဂံခေတ် ဘုရားပုထိုးပန်းချီပြခန်း</u>

ပုဂံခေတ်ဘုရားပုထိုးစေတီများ၏ တစ်ဆူချင်း မှတ်တမ်းတင် ပန်းချီကားများနှင့်အတူ ယင်းပန်းချီကား တစ်ချပ်စီမှာလည်း အဆောက်အအုံပန္နက်ပုံနှင့် မပြိုပျက်မီရှိနိုင်သည့် ခန့်မှန်းစိတ်ကူး၍ထားပုံများ။

(၉) <u>ပုဂံခေတ် နံရံဆေးရေး ပန်းချီ ပြခန်း</u>

ဂူဘုရားနံရံများတွင် ရေးဆွဲခဲ့ကြသော နံရံပန်းချီများအား မူရင်းအတိုင်း မိတ္တူကူး၍ ရေးဆွဲပြထားသည်။

**ကျောက်ဆစ်လက်ရာ ကျောက်စာ၊ မင်စာ**
**ခဲပြားစာ၊ ပေစာလက်ရေး**
**အုတ်ခွက်၊ ကြေးဖောင်းကြွ**
**ပဉ္စလောဟာ,မံဆိုတဲ့ အတတ်ပညာတွေနဲ့**
**နှစ်ရှည်ကြာခံအောင် လုပ်သွားတဲ့**
**ပုဂံသားတို့လက်ရာ ပုဂံသားတို့ အနုပညာ**
**ပုဂံသားတို့ ပန်းချီ ပုဂံသားတို့ စာပေ**
**ပုဂံသားတို့ သာသနာ**
**ကိုယ်ပိုင်ယဉ်ကျေးမှုရှိခဲ့တယ်ဆိုတဲ့**
**မဟာပုဂံဆိုတာ တန်ဖိုးဖြတ်လို့တောင်**
**ရမယ်မထင်ပါဘူး . . .။ ။**



www.burmeseclassic.com

www.burmeseclassic.com




အာနန္ဒာဘုရားကြီး၏ တောင်ဘက်၊ အနော်ရထာလမ်းမှ ခမ္မရံကြီးသွား သောလမ်းသို့ ချိုးဝင်သော် အရှေ့ဘက်တွင် စူဠာမဏိဘုရားကြီးအား ဖူးမြင်ရသည်။

နရပတိစည်သူမင်းကြီးသည် ဘေးတော်အနော်ရထာမင်း တည်ထားခဲ့သော တူရွှင်းတောင် စွယ်တော်ရှင်စေတီ ဖူးမြင်ရန်ကြွတော်မူပြီး နောင်အဝေးပျံပျံဆီမှ ပုဂံနန်းတော်ရှိရာသို့ လှမ်းမျှော်၍ ကြည့်တော်မူသည်။ အချိန်အခါ အားဖြင့်လည်း ညဥ့်အမှောင်သို့ ရောက်ရှိချိန်ဖြစ်လေရာ ယခုစူဠာမုနိဘုရားတည်ရာ ချောက်ကြီးအတွင်း၌ တဝင်းဝင်းတလက်လက် အရောင်တောက်ပနေသည်ကို မြင်တွေ့ရသည်။ နရပတိစည်သူမင်းကြီးလည်း မီးအရောင်လော၊ ပတ္တမြားအရောင် လောဟု တွေးတောမိသဖြင့် အမတ်တစ်ယောက်အား စုံစမ်းစေရာ မီး အရောင် လည်းမဟုတ်၊ ပတ္တမြားအရောင်လည်း မဟုတ်ကြောင်းသိရလေသည်။ ထိုအခါ မင်းကြီး၏စိတ်ထဲဝယ် ဤဌာန ဤဒေသတွင် ကုသိုလ်ကောင်းမှု ပြုစေလိုသော ကြောင့် သူ့အား နတ်ဒေဝတာတို့ အသိပေးညွှန်ပြလေကြောင်း ပြတော်မူ၍ ထိုနေရာရှိချောက်ကြီးအား ပြည်သူပြည်သားတို့ပါဝင်စေကာ အပြောပြင်းမြေဖို့စေ

www.burmeseclassic.com

www.burmeseclassic.com 



သည်။ ထိုသို့ ပင်ပန်းဆင်းရဲစွာ ခိုင်းရကောင်းလောဟူသော အကြောင်းဖြင့် သာသနာပိုင်ဆရာတော် ပံ့သကူမဟာထေရ်နှင့် နရပတိစည်သူမင်းကြီးတို့ စိတ်ဝမ်းကွဲကြလေသည်။

**"မင်းကြီး . . ကောင်းမှုဖြစ်စိမ့်မည်ဟူ၍ ယခုပြုသောအမှုသည်ကား ကောင်းမှုမဖြစ်၊ မကောင်းမှုသာဖြစ်သည်"** ဟူ၍ဆိုကာ သီဟိုဠ်သို့ကြွသွားရန် ရည်ရွယ်ချက်ဖြင့် စွယ်ကြိုအရပ် တောကြီးအတွင်းဝယ် ခေတ္တပြောင်းရွှေ့ သီတင်းသုံးသည်။ မင်းကြီးလည်း အမတ်တို့အားလွှတ်၍ အကြိမ်ကြိမ်တောင်းပန် ပင့်သော်လည်းမရ။ နောက်ဆုံး စတုရင်္ဂပစ္စည်းအမတ်ညဏ်ဆောင်၍ လှေဖောင် ပေါ်တွင် ဘုရားတစ်ဆူတင်ကာ လှေတွင်ဘုရားသခင်ပါသည်။ အရှင်မြတ်ကြွလာစေသတည်း ဟုလျှောက်မှ ပုဂံသို့ပြန်၍လိုက်ပါကြွတော်မူသည်။

မြေမျက်နှာပြင် ညီညွတ်ပြီးနောက် သက္ကရာဇ် ၅၄၅ ခုနှစ်တွင် ဉာဏ်တော်အမြင့်ပေ ၃၀၀ လိုဏ်နှစ်ဆင့် စေတီတည်ရာ စူဠာမုနိသမုတ်တော်မူသည်။ (စူဠာ-သျှောင်ထုံး၊ မုနိဘုရား) သျှောင်ထုံး ဘုရားဟူ၍ အဓိပ္ပာယ်ရသည်။ သိဒ္ဓတ္ထမင်းသားဆံပင်သျှောင်ထုံးဌာပနာ၍ နတ်ပြည်၌ တည်ရှိသည်။ (စူဠာမဏိ) ဘုရားအမည်နှင့် ထပ်တူသမုတ်ခြင်း ဖြစ်သည်။

စူဠာမဏိဘုရားတည်ပြီးနောက် ပိုနေသောအုတ်များအား ထိုဘုရားအနီးမှာပင် နရပတိစည်သူမင်းကြီးက ပံ့သကူမဟာထေရ်အားရည်ရွယ်၍ သက္ကရာဇ် ၅၄၈ ခုနှစ်တွင် စေတီတစ်ဆူတည်သည်ကို ဘုရားအား (သပိတ်မှောက်)ဘုရားဟု ယနေ့တိုင်တွင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com


စူဠာမုနိအတွင်းရှိ ဆေးရေးပန်းချီများ ဘုရားရုပ်တုများမှာ ကုန်းဘောင်ခေတ် လက်ရာများထပ်တိုးလာ၍ နှောင်းလူအပြင်အဆင်များသောကြောင့် ပုဂံခေတ်လက်ရာ မရှိလှတော့ပေ။

*တုရင်တောင်ပေါ်တစ်ခွင်က*
*ပတ္တမြားအရောင်မြင်ရတဲ့နေရာဆီကို*
*မင်းကြီးနရပတိစည်သူက*
*စိတ်တိုင်းကျကိုယ်တိုင်ရွေး*
*သွေးချွေးများစွာနဲ့ရင်းနှီး*
*ချိုင့်ကြီးတွေကိုမြေဖို့စေတော့*
*ပုံ့သကူမဟာထေရ်လာလို့*
*ကောင်းမှုလုပ်တာမကောင်းမှုထိုက်တယ်ပြောတော့*
*သဘောချင်းမတိုက်ဆိုင်*
*သာသနာပိုင်နဲ့ဘုရင်မင်း*
*စကားတွေအချေအတင်ငြင်းကြပြီးမှ*
*တည်ရတဲ့ စူဠာမဏိဘုရား*
*ပုဂံမှာတော့အံ့ဖွယ်တစ်ပါးပေါ့လေ . . .။ ။*



www.burmeseclassic.com

www.burmeseclassic.com

# ဓမ္မရံကြီး

၇၇၁/၃၆၈

အနော်ရထာလမ်းမှ မြောက်ဘက်သို့ ဓမ္မရံကြီးဘုရားသို့ ညွှန်ပြသော ဆိုင်းဘုတ်အတိုင်း ချိုးဝင်လျှင် ထုထည်ကြီးမားလှသော ဓမ္မရံကြီးဘုရားအား အဝေးမှပင် လှမ်းမြင်နေရလေသည်။

ထုမှာ ဓမ္မရံဟူသော စကားနှင့်အညီ ပုဂံတွင် ထုထည်ပမာဏ အကြီးဆုံး ဘုရား ဖြစ်သည်။ ဘုရားဒါယကာ နရသူမင်းဖြစ်ပြီး နန်းစံသက်တစ်နှစ်မြောက် သက္ကရာဇ် ၅၄၅ ခုနှစ်တွင် ကောင်းမှုတော်အဖြစ် ဓမ္မရံကြီးကို တည်သည်။ သို့သော် ပြည်သူတို့အားအတင်းအကျပ် ဖိနှိပ်စေခိုင်းသဖြင့် တစ်နှစ်အတွင်းပြီးကြောင်း အချို့ရာဇဝင်၌ဆို၍ အချို့ရာဇဝင်မှာမူ မင်းကြီး၏အာဏာကို ကြောက်ရွံ့ပြီး စေ့စပ်

www.burmeseclassic.com

www.burmeseclassic.com

သေချာလွန်းသောကြောင့် ဘုရားကြီးမှာ အပြီးမသတ်နိုင်ဟုဆိုသည်။

နရသူသည် ဘုရားကြီးအား အဖူးအမြော်ထွက်စဉ် ကုလားရှစ်ယောက်တို့ လုပ်ကြံ၍ အနိစ္စရောက်ရသည်တွင် ကိုယ်ရံတော်များ ဓားမရံမိ၍ ဖြစ်ခြင်းကြောင့် ဓားမရံမိဘုရားဟူ၍ လည်းကောင်း၊ နရသူ၏နောက် နန်းတက်သော နရပတိစည်သူ မင်းကြီးလက်ထက် ဓမ္မရံသီအမည်ရှိ မထေရ်မြတ်တစ်ပါး ထိုဘုရားကြီးအနီးတွင် သီတင်းသုံးတော်မူသောကြောင့် ဓမ္မရံသီဘုရားတွင်ရာမှ ယခု ဓမ္မရံကြီးဘုရား ဖြစ်လာကြောင်း အဆိုပြုကြသည်။

အတွင်းစင်္ကြံနံပတ်လမ်းရှိ မုခ်ပေါက်များနှင့် ရောင်လင်းပေါက် အားလုံး အား အကြောင်းတစ်ခုခုကြောင့် ဘုရားပြီးလျှင် ပြီးချင်း ပြန်ပိတ်ပုံရသည်။ (ပြန်ပိတ် သောအုတ်နှင့် မူလအုတ်တို့မှာ အရွယ်အစားတူညီပြီး နံရံအင်္ဂတေကိုင်ထားသည်မှာ တစ်ဆက်တည်း ဖြစ်သည်။ နောင်အရှည်တည်တံ့ခိုင်မာစေရန် ပြန်ပိတ်ထားဖွယ် ရှိကြောင်းနှင့် အချို့ကမူ အထဲတွင်တစ်ခုခုမြှုပ်နှံသိုဝှက်ပြီး ပြန်ပိတ်ထားဖွယ် ရှိသည်ဟု ယူဆကြသည်။) နရသူမှာ ဖခင်အလောင်းစည်သူမင်းအားသတ်ခဲ့မိခြင်း၊ အစ်ကို မင်းရှင်စောအားသတ်ခဲ့မိခြင်းတို့ကို နောင်တဖြစ်၍ ၎င်းအကုသိုလ်ကျေစေ ရန် ရည်ရွယ်ချက်လားမသိ။ ဘုရား၏ မြောက်ဘက်အတွင်းနံရံတွင် ပလ္လင်တစ်ခု တည်းပေါ်၌ ဘုရားနှစ်ဆူယှဉ်၍ ပူဇော်ထားသည်။



www.burmeseclassic.com


www.burmeseclassic.com 



အာဏာနဲ့လူစု
ကြောက်ရွံ့မှုနဲ့သိမ်းသွင်း
ညှဉ်းဆဲခြင်းနှင့်ဘုရားတည်
ဓားစီးခုတ်အုတ်စီတာတောင်
ညီညာရဲ့လား .. သေသပ်ရဲ့လား ..
အပ်ဖျားနဲ့ထိုးထိုးကြည့်
အပြစ်တစ်ခုတွေ့ရှိပြီဆိုတာနဲ့
ဗိသုကာဆရာတွေကိုသတ်
အမိုက်ဇာတ်ခင်းခဲ့တဲ့ဘုရားဒါယကာ
ခေါ်ရုံသာအခေါ်ခံရမယ်
ဘုရားကလည်းမပြီးလေတော့
ဗုဒ္ဓဘိသေကအနေကဇာ
ထီးဖြူဖွင့်မင်္ဂလာတောင်
မလုပ်လိုက်ရရှာတဲ့ဓမ္မရံကိုယ်တော်ကြီး
ငုတ်တည်းတည်းကြီးပေါ့လေ . . . ။

www.burmeseclassic.com

www.burmeseclassic.com





ရွှေဆံတော်ဘုရားအနီးတွင်ရှိပြီး ဘုရားဉာဏ်တော်မှာ မမြင့်လှသော် လည်း ဘုရားအတွင်း၌ ရှိသော နံရံဆေးရေးပန်းချီများမှာ အလယ်ခေတ် ပါလခေတ် လက်ရာများကဲ့သို့ လူပုံဆွဲတာမျိုးမှအစ အပြားလိုက်ဖြစ်သည်။ အလုံးအစိုင် အခဲသဘောမဝင်ပေ။ ထိုပန်းချီမျိုး (၁၀)ရာစု၊ (၁၁)ရာစုနှစ်များတွင် အိန္ဒိယတွင် အနှံ့ပြန့်ပွားခဲ့သည်။ အိန္ဒိယမှတစ်ဆင့် နီပေါ၊ မြန်မာဘက်သို့ ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com






ကောက်ကြောင်းဆွဲပြီး ပုံဖော်သောအဆင့်မှ အစုလိုက်အပြုံလိုက်လိုအပ်ချက်ကို ဖော်ပြသည်။ ရေးဆွဲသည့်လိုင်းများမာသည်။ မြန်မာဆန်အောင်ပြုသည့် သဘောပိုလာသည်။ (ဥပမာ- မျက်ပေါက်များ ကုလားမဆန်၊ တရုတ်ပုံ ပြောင်းလာသည်)

ဇာတ်ကြီးဆယ်ဘွဲ့၊ ဇာတ်ကွက်ကောက်နုတ်ချက်၊ နှစ်ကျိပ်ရှစ်ဆူဘုရား အကြောင်းအရာများ မွန်ဘာသာ၊ မြန်မာဘာသာတို့ဖြင့် ရေးထိုးထားသည်။ ထူးခြားသော မြတ်ဗုဒ္ဓ၏ ခြေတော်ရာအစုံအား ဘုရားမျက်နှာကျက်နံရံတွင် လက်ရာမြောက်စွာဖြင့်ရေးဆွဲထားသည်။ အတွင်းတွင် ပုဂံခေတ်ဦးလက်ရာ ဆင်းတုတော်ကြီးတစ်ဆူရှိပြီး ကောင်းမှုရှင်မှာ အလောင်းစည်သူမင်းကြီး ဖြစ်နိုင်သည်ဟု ခန့်မှန်းကြ သည်။



www.burmeseclassic.com

www.burmeseclassic.com



## ရွှေဆံတော်ဘုရား

၁၅၃၆/၈၄၉

အနော်ရထာလမ်းမှ တောင်ဘက်သို့ချိုးဝင်ရန်လမ်းညွှန်ရှိပြီး ပုဂံ နေဝင်ချိန်ကြည့်ရန် အကောင်းဆုံးဘုရားတစ်ဆူ ဖြစ်သည်။

အေဒီ ၁၀၅၇ ခုနှစ်တွင် အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့်


www.burmeseclassic.com

www.burmeseclassic.com


လေးမျက်နှာဂန္ဓကုဋီတိုက်များရှိရာ ၎င်းအတွင်းတို့၌ ဈာနမုဒြာဟန်ဆင်းတုတော်ကြီးများမှာ အနော်ရထာမင်းကြီးခေတ်လက်ရာများဖြစ်ကြသည်။ ဆင်းတုတော်ကြီးများ၏ ခြေဖဝါးနှင့် လက်ဖဝါးတို့တွင် ကြာဖက် (၈) ဖက်ပါသော ကြာပွင့်များပါရှိကြသည်။ အောက်တွင်လည်း ရေမြောင်းပါသော ကျောက်ပြားကြီးများခံလေ့ရှိရာ ရေသွန်းခံဘုရားများဟု ခေါ်နိုင်သည်။ ဘုရားကြီးမှာ ပစ္စယံငါးဆင့်ရှိ၍ ပစ္စယံပေါ်တွင် ခေါင်းလောင်းပုံစေတီပေါက်ထားသည်။ မျက်နှာလေးဘက်တွင် နတ်လမ်းလှေကားတစ်စင်းစီရှိ၍ နေဝင်ချိန် (Sun Set) ကြည့်သူများ အန္တရာယ်ကင်းစွာ ဆင်းတက်နိုင်ရန် လက်ရန်းသံပိုက်များ တပ်ဆင်ထားသည်။ ပဥ္စမပစ္စယံအထိ တက်၍ရသည်။


ရွှေဆံတော်ဘုရား၏ အနောက်ဘက်တွင် အလျားပေ ၇၀ရှိ တောင်ဘက်သို့ ဦးခေါင်းပြုနေသော လျောင်းတော်မူ ဆင်းတုတော်ကြီးတစ်ဆူ ဂန္ဓကုဋီတိုက်နှင့်ရှိရာ ရှင်ပင်သာလျောင်းဟူ၍လည်းခေါ်သည်။

ပုဂံတွင် ယနေ့နာမည်ကြီးလာသော ပြည့် (၅) ပြည့် ဘုရားဆင်းတုငါးဆူအနက် တစ်ဆူမှာ ဤရွှေဆံတော်ဘုရားကြီး၏ အရှေ့ဘက်ဂန္ဓကုဋီတိုက် အတွင်းတွင် စံပယ်တော်မူသည်။ ထိုဆင်းတုတော်မှာ အနော်ရထာမင်း ကိုးကွယ်ခဲ့ပြီး ဆုတောင်းပြည့်စေသောဘုရားဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



# မင်္ဂလာစေတီ

၁၄၃၉/၇၅၂၂

ပုဂံမြို့ဟောင်းမှ မြင်းကပါသို့သွားသော ကားလမ်း၏ အနောက်ဘက်တွင် ရှိသည့် အေဒီ ၁၂၈၄ ခုနှစ်တွင် နရသီဟပတေ့မင်းကြီးက ရွှေစည်းခုံစေတီတော်မြတ်ကြီး၏ပုံကိုယူ၍ ပုဂံမြို့တောင်ဘက် ပန်းပွတ်အရပ်၌ တည်ထားခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com


နရသီဟပတေ့သည် ဘုရားတည်၍ ပစ္စယံသုံးဆင့်အထက်သို့ ရောက်လျှင် ဘုရားလည်းပြီး ပြည်ကြီးလည်းပျက်ဟူသော တဘောင်ပေါ်လာသဖြင့် ဘုရားတည်ခြင်းကို ခြောက်နှစ်တိုင်တိုင် အပြီးမသတ်ဘဲ ရပ်ထားခဲ့သည်။ ထိုအခါ ပံ့သကူမထေရ်မြတ်က အသင်သည် ဘုရားဆုပန်ယောကျ်ားဖြစ်ပါလျက် တိုင်းပြည်ပျက်၍ အသက်သေရမည်ကို ကြောက်သလော၊ ဤလောကကြီးသည်မမြဲသောအနိစ္စသဘောချည်းသာဖြစ်ကြောင်း တရားပြခြင်း၊ ဘုရားမပြီးဘဲ အုတ်ပုံကြီးအဖြစ်သာကျန်ခဲ့လျှင် နောင်သောအခါ ပြည်သူတို့အကဲ့ရဲ့ဖြစ်လိမ့်မည်ဟုဆိုသောကြောင့် သံဝေဂရကာ သက္ကရာဇ် ၆၃၆ ခု၊ ကဆုန်လပြည့်၊ ကြာသပတေးနေ့မှစ၍ ထပ်မံပြန်လည်တည်တော်မူရကာ မင်္ဂလာစေတီဟူ၍ သမုတ်တော်မူသည်။


သက္ကရာဇ် ၆၃၄ ခုနှစ်တွင် ပုဂံသို့ရောက်လာသော တရုတ်သံတို့ကို သတ်သောကြောင့် တရုတ်စစ်သည်များ ပုဂံသို့ ဝင်ရောက်တိုက်ခိုက်သောအခါ နရသီဟပတေ့သည် ပုသိမ်သို့ ထွက်ပြေးသောကြောင့် တရုတ်ပြေးမင်းတွင်သည်။ ထို့နောက် သားတော် သီဟသူက အဆိပ်ခတ်သတ်၍ အနိစ္စရောက်ရသည်။

ထိုမင်္ဂလာစေတီကား ပုဂံတွင် နောက်ဆုံးတည်သောဘုရားဖြစ်၍ ပစ္စယံအဆင့်ဆင့်တို့တွင် ငါးရာ့ငါးဆယ်ဇာတ်စဉ့်ကွင်းများရှိသည်။ ဂျာမန်ဘူမိဗေဒပညာရှင်ဒေါက်တာဖရစ်မွန်နွတ်တလင်သည် (၁၈၉၀-၁၉၀၀) အတွင်း၌ မင်္ဂလာစေတီမှ စဉ့်ဇာတ်ကွက်များအားခိုးယူ၍ ဂျာမနီသို့ပို့ခဲ့သည်။ ယခုအချိန်ထိ ဘုရားကြီးမှာ ရွှေမရှိ၊ ထုံးမရှိ မူလအုတ်သားရောင်ဖြင့်သာဖြစ်ပြီး ဝင်ရောက်အဖူးအမြော်ပြုခြင်းရွှေထီးသစ်တင်ခြင်းမျိုး မပြုကြပေ။ သို့သော် မြန်မာပြည်ရှိစေတီပုထိုးအများစုမှာ မင်္ဂလာစေတီပုံစံကို နမူနာယူ၍ တည်ဆောက်လျက်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ပြဿဒါးကြီး(ခ)ပြာသာဒ်ကြီးဘုရား


၁၀၃/၃၀၄(က)

အနောက်ဖွားစောရွာသို့ သွားသောလမ်း၏ တောင့်ဘက်တွင် ရှိသည်။ ဘုရားဒါယကာမင်းကြီးမှာ ကျစွာမင်းကြီးဖြစ်ပြီး သက္ကရာဇ် ၆၁၁ ခုနှစ်တွင် တည်သည်။ သီဟိုဠ်ပြန် ဓမ္မသီရိမဟာထေရ်အတွက် ရည်စူး၍ တည်ဆောက်ခြင်းဖြစ်ပြီး အရှေ့ဘက်ပျက်နေသော မျက်နှာစာတွင် နှစ်ထပ်ဆင့် အုတ်ပေါင်းကူးများ ပေါ်နေသည်ကို တွေ့ရသည်။ အပေါ်သို့ တက်ရန် လှေကားရှိပြီး ထိုလှေကားမှ တက်လျှင် ဘုရားကြီး၏ အထက်ရင်ပြင်သို့ရောက်ကာ ပုဂံရှုခင်းကို ကြည့်နိုင်သည်။ မြောက်ဘက်တွင် အိုးထိန်းတောင်ကုန်းငယ်များကို မြင်ရသည်။ ကျစွာမင်းကြီးသည် ပညာရှိဖြစ်၍ အယူသီးမှုများကို စွန့်ပယ်သောအားဖြင့် ပြဿဒါးနေ့ရွေးကာ အုတ်စဖုတ်သည်။ ဘုရာ ပန္နက်ချသည့်နေ့၊ အုတ်မြစ်ချသည့်နေ့၊ အမှုကိစ္စဆောင်ရွက်ခြင်းမှန်သမျှ ပြဿဒါးနေ့များကိုသာရွေး၍လုပ်သောကြောင့် ပြဿဒါးဘုရားတွင်သည်။ ဘုရားမပြီးမီ ကံတော်ကုန်သည်။ ပုဂံခေတ်လက်ရာများတွင် ထူးခြားသော ဘုရားတစ်ဆူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com





# မနုဟာဘုရား

၁၂၄၀/၅၇၅


ပုဂံမြို့ဟောင်းနှင့် မြို့သစ်အကြား မြင်းကပါရပ်ကွက်တွင်ရှိသော ဘုရားကြီးဖြစ်ပြီး နန်းကျမွန်ဘုရင် မနုဟာမင်းကြီး ပုဂံသို့ရောက်ပြီးနောက် အေဒီ-၁၀၆၇ ခုနှစ်တွင် တည်တော်မူသည်။

မနုဟာကျောက်စာတွင် ဆင်ဖြူ (၃၁)စီး အသျှင်ဖြစ်ထသော နဂါးပြည်က ပေးလာသော ဘကုန်ရေနှင့်ကျက်ထသော ဇေကြီမည်သောသား၏အရေကို စိတန်ရှည်ပြုထသော ခြသေ့်လက်ဖျံရိုးကို စည်လက်ခတ်ပြုထသော သီရိတြိဘဝနာဒိတျပဝရ သုဓမ္မရာဇာမနုဟာမည်သည့် သထုံမင်းကြီးသည် သံသရာအဆက်ဆက် အကျိုးတော်မူလမပြတ်သေးသ၍ မင်းနှင်နှင်ဖြစ်၍ ရန်သူမနှိမ်နင်းနိုင်သည်ဖြစ်၍ အဆုံးစွန်သောနိဗ္ဗာန်ကိုရောက်ချင်သောကြောင့် မနောမယဟူသောကျောက်မျက်ရွဲကို မြင်းကပါသူဌေး၌ရောင်းသော် ငွေအသပြာခြောက်လှည်းရ၍ သဘော်ဆိပ်ဖြစ်သော စွယ်တော်ဆိုက်ရာ လောကနန္ဒာအရှေ့မြောက်ထောင့်၌ သီရိဇေယျဘုံမိဟုသောကုန်း၌ ဘုရားကြီးစွာတည်သည်ဟု ရေးထိုးထားသည်။ ၎င်းနောက်သက္ကရာဇ် ၄၂၉ ခု

www.burmeseclassic.com

www.burmeseclassic.com





ဝါခေါင်လဆန်း (၂) ရက် ကြာသပတေးနေ့ သရီရဓာတ်တော်မုခ်ဌေးကို မံ၍ ဘုရားကြီးတည်၏။ ပရိနိဗ္ဗာန်ဝင်တော်မူဟန် ဘုရားကြီးပြု၏။ ခြောက်လနှင့် ခြောက်ရက် ကြာသပတေးနေ့ ပြီး၏။ ဘုရားဝန်းကျင် အုန်း၊ ထန်း၊ သရက်၊ ပိန္နဲ၊ ပန်းစိုက်၍ လှူတော်မူ၏ ဟူ၍လည်းပါရှိသည်။



www.burmeseclassic.com

www.burmeseclassic.com





ဘုရားကြီးမှာ အရှေ့ဘက်လှည့်ဖြစ်ပြီး မျက်နှာစာတွင် မှန်လက်ရာ ထိုင်တော်မူဘုရားကြီးသုံးဆူရှိပြီး ၎င်းနောက်ဘက်တွင် အလျား ၉၀ ပေရှိသော ပရိနိဗ္ဗာန်စံဝင်တော်မူဟန် မြောက်ဘက်ဦးခေါင်းပြုလျောင်းတော်မူကြီးတစ်ဆူရှိသည်။

ဘုရားကြီး၏ရှေ့မျက်နှာစာတွင်ရှိသော မနုဟာသပိတ်ကြီးမှာ ဆန် (၁၇) တင်းခန့်ပေါင်းရသည်။

***သံသရာဝယ် ကျင်လည်သရွေ့***

***သူ့နိုင်သည်ကို မဖြစ်လိုလို့ဆိုခဲ့တဲ့ မနုဟာ***

***မနောမယရတနာကို***

***မြင်းကပါသူဌေးကို ရောင်းပြီး***

***လှည်းခြောက်စီးတိုက်ရတဲ့ငွေအသပြာနဲ့***

***သီရိဇေယျာဘုံ(ကုန်း) မှာ***


***မနုဟာဘုရားကြီး တည်ခဲ့တယ် ။ ။***





www.burmeseclassic.com

www.burmeseclassic.com




## မြစေတီ၊ ဂူပြောက်ကြီး၊ ရာဇကုမာရကျောက်စာ

၁၃၉၁/၇၁၀

မြင်းကပါရပ်ကွက်တွင်ရှိ၍ ပုဂံမြို့သစ်သွားလမ်း၏ လက်ဝဲဘက် အတွင်းသို့ချိုးဝင်လျှင် မြစေတီဘုရား၊ ဂူပြောက်ကြီးဘုရားနှင့် ရာဇကုမာရ ကျောက်စာကိုတွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

မြေးကား အရင်း၊ သားကား အဖျားဟူသော စကားတစ်ခု ပုဂံသမိုင်းတွင် တွင်ကျန်ရစ်စေသော အဖြစ်အပျက်များမှာ ဤမြစေတီ၊ ဂူပြောက်ကြီးနှင့် ရာဇကုမာရကျောက်စာတို့မှ အခြေခံလာခဲ့ခြင်းဖြစ်သည်။

ကျန်စစ်မင်းကြီးမှာ မင်းမျက်သင့်၍ ထွက်ပြေးစဉ် မထီးတူမသမ္ဘူလနှင့် အကြောင်းပါခဲ့သည်။ ကျန်စစ်မင်းကြီးနန်းပြန်ရသောအခါ မထီးတူမ သမ္ဘူလသည် သားတော်ရာဇကုမာရမင်းသားငယ်အား လက်ဆွဲ၍ ပုဂံနန်းတော်သို့ ရောက်လာသောအခါ ကျန်စစ်မင်းကြီးမှာ မြေးတော်အလောင်းစည်သူအား နန်းလျာထားပြီးဖြစ်နေသည်။ ထို့ကြောင့် သားတော်ရာဇကုမာရအား ဇေယျခေတ္တရာဟူသော အမည်ဖြင့် ဓညဝတီတောင်စဉ်ခုနစ်ခရိုင်အား အပိုင်စားပေးသနားတော်မူသည်။ သမ္ဘူလကိုလည်း ဦးဆောက်ပန်းဟူသောဘွဲ့ဖြင့် မိဖုရားမြှောက်သည်။


သက္ကရာဇ် ၄၇၄ ခုနှစ် ကျန်စစ်မင်းကြီး မကျန်းမာတော်မူစဉ် သားတော် ရာဇကုမာရသည် ခမည်းတော်မင်းကြီး၏ ပမာဏအလေးချိန်ရှိသော ရွှေစင်ဖြင့် ဆင်းတုတော်တစ်ဆူသွန်းလုပ်ကာ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်စေသည်။ ၎င်းနောက် မိမိအပိုင်စားရသော ကံကျွေးသုံးရွာကိုလည်း ထိုရွှေဆင်းတုမြတ်စွာ ဘုရားအားလှူတော်မူကာ ဖခင်ကျန်စစ်မင်းကြီးအတွက် ကုသိုလ်ကောင်းမှု ပြုလေသည်။ ရာဇကုမာရမင်းသားသည် ထိုကောင်းမှု ရွှေဆင်းတုတော်အား

www.burmeseclassic.com

www.burmeseclassic.com



ဌာပနာ၍ စေတီတည်သော် ထိုစေတီမှာ မြစေတီနှင့် ဂူပြောက်ကြီးဖြစ်ပြီး မွန်၊ မြန်မာ၊ ပျူ၊ ပါဠိ လေးမျိုးဖြင့် ကမ္ပည်းကျောက်စာရေးထိုးလှူဒါန်းခဲ့သည်။ မြစေတီသည် ကြည်ညိုဖွယ်ရာဘုရားဖြစ်ပြီး ဂူပြောက်ကြီးမှာ ပုဂံခေတ် ဗိသုကာလက်ရာ၊ အင်္ဂတေပန်းလက်ရာ၊ ကျောက်ဆစ်လက်ရာ၊ နံရံဆေးရေးပန်းချီလက်ရာများ အထူးကောင်းမွန် ရှားပါးသောလက်ရာများရှိခြင်းကြောင့် ပြည်တွင်းပြည်ပလေ့လာသူများ၊ ဘုရားဖူးသူအများအပြား လာရောက်ကြသည်။ ကောသလမင်းအိပ်မက် (၁၆)ချက်ဆိုင်ရာ ပန်းချီလက်ရာများ၊ သင်္ဂါယနာတင်ခန်းများ၊ သီဟိုဠ်ဗွောရမင်းကြီးအကြောင်း ပန်းချီကား၊ အသောကမင်းကြီးနှင့် ပတ်သက်သောပန်းချီကား စသဖြင့် ပန်းချီလက်ရာအထူးကောင်းမွန်သော ဂူဘုရားဖြစ်သည်။ မုခ်အဝင်ဝဲယာတွင် လက်ဆယ်ဘက်မတ်ရပ် နတ်ရုပ်ကြီးများ၏ အထက်တွင် ဗြဟ္မာပုံကြီးများ ရေးဆွဲထားသည်။




www.burmeseclassic.com

www.burmeseclassic.com





မနုဟာဘုရားကြီး၏ အနောက်တောင်ထောင့်တွင် ကပ်လျက်ရှိသည်။ ပုဂံတွင် ရွှေစည်းခုံ၊ ကျောက်ဂူဥမင်၊ စက္ကူတိုက်(ခေါ်)ကျန်စစ်မင်းကြီး၏ ပိဋကတ်တိုက် အဆောက်အအုံနှင့် နန်းဘုရားဟူ၍ သဲကျောက်ဖြင့်သာ တည်သော ဘုရားလေးဆူရှိသည်။ နန်းဘုရားမှာ သထုံဘုရင် မနုဟာနေခဲ့သော နန်းတော်ရာ နေရာတွင် မြစ်တော်သူ ရမန်ငထွေး(ခ) တလိုင်းသိင်္ဂပစ္စင် (ခ) အနန္တသူရိယ (ခ) နာဂသမန်း အမတ်က သက္ကရာဇ် ၅၅၀ ခုနှစ်တွင် တည်ထားခဲ့သည်။ နာဂသမန်းသည် ဆင်ဆိုးကျားဆိုးများအား တစ်ယောက်ချင်းသတ်နိုင်သည်။ တစ်ခါသော် နရပတေ့စည်သူမင်းကြီး ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရား (၂)ဆူအား ထီးတော်ဆောင်းရန် ဖောင်တော်ဖြင့်ကြွရာ ထိုဖောင်တော်အား မိကျောင်းတစ်ကောင်က ကျောက်ကုန်းဖြင့် တန့်၍ ချုပ်ကိုင်ထားသည်။ နာဂသမန်းက ရေသို့ငုပ်ပြီး သန်လျက်ဖြင့် ထိုမိကျောင်း

www.burmeseclassic.com

www.burmeseclassic.com

အား သတ်ရသည်။ ပြည်ရွာမငြိမ်သက်လျှင် နာဂသမန်း ဦးဆောင်၍ သွားရောက်နှိမ်နင်းရသည်။ နရပတေ့ စည်သူမင်းကြီးမှာ များစွာနှစ်အားရတော်မူ၍ သမီးတော်ရွှေအိမ်စည်နှင့် လက်ဆက်ထိမ်းမြားပေးသည်။

နန်းဘုရားအတွင်း တိုက်မကြီး (၄)ခုတွင် ကျောက်ဆစ်ရုပ်ကြွ ဗြဟ္မာကြီး (၈) ရုပ်နှင့် သုံးထောင့်ပုံ ဘီလူးပန်းကိုက် ပန်းကြွလက်ရာများ အထူးကောင်းမွန်သည်။ အချို့က ဗြဟ္မာရုပ်ကြီးများကြောင့် ဟိန္ဒူအဆောက်အအုံအဖြစ် ယူဆကြသည်။ အမှန်မှာ ပုဂံရှိဆေးရေးပန်းချီများ၌ မြတ်စွာဘုရားဝဲယာတစ်ဖက် တစ်ချက်စီတွင် ဗြဟ္မာနှင့်သိကြား ခြံရံရေးဆွဲလေ့ရှိသည်။ ဗြဟ္မာသည် မြတ်စွာဘုရားအား ထီးမိုး၍လိုက်ရသော (Attendent) ဖြစ်၍ ယခုဗြဟ္မာသည် ထိုအဓိပ္ပာယ်ကို ယူဆောင်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com




မြင်းကပါရပ်ကွက်တောင်ဘက် ပုဂံမြို့သစ်သို့သွားသောလမ်း၏ အနောက်ဘက် တောင်ကုန်း ငယ်တစ်ခုပေါ်တွင် ရှိသည်။ ထိုနေရာကား ကျန်စစ်မင်းကြီး မင်းမဖြစ်မီ စောလူးမင်း၏ အမျက်ဒဏ်ကြောင့် ထွက်ပြေးပုန်းအောင်းခဲ့ရကာ အပယ်ရတနာက ထမင်းပို့ခဲ့ရသည်။ ယခု အပယ်ရတနာဘုရား တည်သောနေရာသည် ကျန်စစ်မင်းကြီးက အပယ်ရတနာထမင်းပို့သည့်နေရာတွင် တည်ကြောင်း အပယ်ရတနာဘုရား၏ အရှေ့တော်ဘက်တွင် ကပ်လျက်ရှိသော သက်တော်ရှည်ဘုရားတွင် မင်စာဖြင့် ရေးထိုးမှတ်တမ်းပြုထားသည်။

အပယ်ရတနာဘုရားမှာ အချိုးအစားကျသော ဘုရားဖြစ်ပြီး မြောက်ဘက် မျက်နှာပြု ဘုရားတစ်ဆူဖြစ်သည်။ နံရံဆေးရေးပန်းချီများမှာ မဟာယာနဆိုင်ရာ ပန်းချီကားများ၊ ထေရဝါဒဆိုင်ရာ ပန်းချီကားများ၊ ဗြဟ္မာဏဘာသာဆိုင်ရာ နတ်ရုပ်

www.burmeseclassic.com

www.burmeseclassic.com

များ၊ စီးတော်ယာဉ်များ ရေးဆွဲထားသည်။ သို့သော် နံရံကိုထုံးသုတ်ပြီး ဘုရားခြေတော်ရာ ပန်းခွေလိမ်ရောင်စုံ၊ ဆင်းတုကို သိုက်ဆရာများ ဖျက်ဆီး၍ (၂)ကြိမ်တိုင်တိုင် ပြင်ဆင်ရသည်။ ထိုအပျက်ကို စောင့်ပြင်သူမှာ မင်းရန်အောင်ဖြစ်သည်။ (၁၆) ရာစုနှစ်ဝက်ကျော်မှလက်ရာများ ရောယှက်နေသည်။ ၎င်းဘုရားအနီးရှိ နဂါးရုံသက်တော်ရ၊ ဆုတောင်းပြည့်၊ သစ္စာရ တို့မှာ တစ်ဆူနှင့်တစ်ဆူ သမိုင်းကြောင်း ဆက်စပ်လျက်ရှိသည်။

***မြတ်စွာဘုရား ဗျာဒိတ်တော်ထား***

***ဗြဟ္မဏတို့ ကိုယ်စား***

***ပိဿနိုးနတ်သားက***

***ဆင်းသက်ဖွားတယ် ဆိုတဲ့***

***ပရိမ္မအရပ်သား ကလ္လန်စစ်သားနဲ့***

***အပယ်ရတနာမိဖုရားတို့***

***နှလုံးသားရဲ့ မေတ္တာမြေ***


***သစ္စာပန်းတွေ ပွင့်ခဲ့ကြတဲ့ နေရာမှာတော့***

***အပယ်ရတနာဘုရား တည်ထားပါတယ် . . . ။***



www.burmeseclassic.com

www.burmeseclassic.com


အပယ်ရတနာဘုရား၏အရှေ့ဘက် ကားလမ်းခြား တောင်ကုန်းတစ်ခုပေါ်တွင်ရှိသည်။ သက္ကရာဇ် ၄၄၆ ခုနှစ် ကျန်စစ်မင်းကြီးတည်ထားခဲ့သည်။

ကျန်စစ်မင်းသားသည် စောလူးမင်းရန်ကြောင့် ထွက်ပြေးတိမ်းရှောင်ရင်းယခု နဂါးရုံဘုရားတည်ရာနေရာသို့ ရောက်သောအခါ ပင်ပန်းနွမ်းနယ် သောကြောင့် အိပ်ပျော်သွားသည်။ ထိုအချိန် နဂါးကြီးတစ်ကောင်လာ၍ ဘေးမသီ ရန်မခအောင် လည်းကောင်း၊ နေပူမည်ကိုစိုး၍လည်းကောင်း၊ ပါးပျဉ်းဖြင့် မိုးကာကာကွယ်စောင့်ရှောက်ပေးသည်ကို အပယ်ရတနာကမြင်ပြီး ပြန်ပြောပြရာမှ ကျန်စစ်မင်းကြီး ထီးနန်းရသောအခါ ထိုနေရာသို့လာ၍ နဂါးရုံဘုရားတည်သည်။

www.burmeseclassic.com

www.burmeseclassic.com


၁၆၆၉ ခုနှစ် အရှေ့ရွှေဥမင် သယ်ရာဇာမဟာမဟိန္ဒလာ၍ ဘုရားဆင်းတုတော်တစ်ဆူပြင်သည်မှအပ ကျန်ပန်းပု၊ ပန်းချီ၊ ပန်းတမော့၊ ကျောက်ဆစ်တို့ ပုဂံခေတ်လက်ရာအတိုင်း ရှိသေးသည်။ နဂါးရုံဘုရား၏ အနောက်တောင်ဘက်တွင် နဂါးရုံပေါ်တော်မူ(လွှမ်းဘုရား) (နှစ်ထပ်ဘုရား) တစ်ဆူရှိသည်။ နဂါးရုံပေါ်တော်မူသည် သိခရ (ကွမ်းတောင်)ကို တဖြည်းဖြည်း ချုံ့ယူပြီး ပိရမစ်ပုံစံ တည်ဆောက်ထားသောကြောင့် ပုဂံရှိဘုရားများတွင် ဤတစ်ဆူသာ ထူးထူးခြားခြား ရှိသည်။

*ဆူးချုံမြက်စပ်နဲ့ ယာခင်းကြား*
*မြင်းကျောင်းသမားလုပ်ရဖူးတဲ့ မင်းကျန်စစ်ကို*
*သူ့ချစ်သူ အပယ်ရတနာက*
*ခေါင်းပေါ်မှာ ထမင်းအိုးရွက်ပြီး*
*မြင်းကပါဘက်ကို အလာ*
*အုံ့ဖွယ်ရာအဖြစ်*
*ကျန်စစ်သားတစ်ယောက် အိပ်ပျော်တုန်း*
*ခေါင်းပေါ်မှာ နဂါးလာမိုး*
*ထူးခြားအဖြစ်မျိုး မြင်လေတော့*
*သူ့မောင်တော်ဘုရင်ဖြစ်တဲ့အခါ*
*ဒီနေရာမှာ နောက်တစ်ခါဆို*
*နဂါးရုံဘုရား တည်ကြတယ် . . .။*



www.burmeseclassic.com

www.burmeseclassic.com


စေတီငယ်အား စေတီကြီးငုံ၍တည်ခြင်းအား ရှေးမြန်မာစကားတွင် လွှမ်းသည်ဟုဆိုသည်။ အမိဝမ်းမှ သမီးထွက်လာ (MATRIOSHKA) သကဲ့သို့ နှစ်ထပ်စေတီ (ENCASED PAGODA, DOURLE STUPA, ENVELOPED ETIYA) လွှမ်းဘုရားဟုခေါ်ကြသည်။ ပုဂံတွင် လွှမ်းဘုရားသုံးဆယ့်လေးဆူ ရှိသည်။ စေတီငယ်လေးပေါ်တွင် စေတီလွှမ်းလုံးဝမရှိတော့ဘဲ ငုတ်တုတ်ကျန်ရှိ

www.burmeseclassic.com

www.burmeseclassic.com

နေသည်ကို လူအများက ပေါ်တော်မူဘုရားဟု သမုတ်ကြသည်။ လွှမ်းစေတီများ မပျက်မစီးဘဲ မူလအတိုင်းတွေ့ရလျှင် ပညာရှာသူ သုတေသီတို့အတွက်များစွာ အထောက် အကူရသည်။ ကုသိုလ်ရှင်ကလည်း သဘာဝဘေးဒဏ်၊ မသမာသူတို့၏ ဘေးရန်မှ ကာကွယ်မ[illegible]စေရန် ရည်[illegible]ချက်ဖြင့် နှစ်ထပ်ဘုရားများတည်ထား [illegible]




စကိုဗယ် (Scovelle)ပေါ်တော်မူဘုရား

- စိုးမင်းကြီးဘုရား အနောက်တောင် သရီတောရကျောင်း၊ မြောက်နှစ်ဖာလုံ ဧရာဝတီမြစ်ကမ်းနဖူးတွင်ရှိသော လွှမ်းဘုရား။
- နဂါးရုံလွှမ်းဘုရား။
- မင်းအိုချမ်းသာအရှေ့ဘက်တွင်ရှိသော အပေါ်ငုံဘုရားတစ်ခြမ်း ကျန်သေးသော လွှမ်းဘုရား။
- စကိုဗယ် (Scovelle) ၁၉၆၀/၉၉၂ လွှမ်းဘုရား
  (၎င်းဘုရားမှာ အယို အယွင်းမရှိ တောင့်တောင့်တင်းတင်းရှိ၍ ဉာဏ် တော် ၂၁ ပေခွဲမြင့်သည်။ ပုဂံနယ်ကို စောင့်ရှောက်ရသည့် ခရိုင်အင်ဂျင် နီယာ စီအီးစကိုဗယ်ကတွေ့ရှိပြီး အပေါ်စေတီကိုခွာ၍ ၎င်းအင်္ဂလိပ်ကလည်း ကမ္ဗည်းထိုးထားသော ပေါ်တော်မူဘုရားဖြစ်သည်။ ဓမ္မရုံကြီးသို့သွားသော လမ်းခွဲ၏ အရှေ့ဘက်တွင်ရှိသည်။)

www.burmeseclassic.com

www.burmeseclassic.com

- အာနန္ဒာဘုရား မြောက်ဘက်အနီး ပုဂံ-ညောင်ဦးသွား ကားလမ်းပေါ် တောင်ဘက်ဘေးတွင် ကပ်လျက်ရှိသော ဘုရားတစ်ဆူတွင်လည်း စေတီထဲတွင် စေတီငယ်တစ်ဆူ တည်ထားသည်။
- ပုဂံရှေးဟောင်းသုတေသနပြတိုက်၏ ရှေ့တည့်တည့် လမ်းတစ်ဖက်ရှိ စေတီတော်တစ်ဆူ၏ အတွင်း၌လည်း နှစ်ထပ်ဆင်းတုတော်တစ်ဆူ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



# အဗ္ဗဂေါဏ

၅၈၈/၃၀၉(က)


